# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဏတ္တိတဝဂ်(ဓမ္မပဒ – ၇၈)


၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက် | ၂၀၂၃ ခုနှစ်၊ ဧပြီ ၂၉ ရက်၊ စနေနေ့ | အတွဲ (၆၂)၊ အမှတ်(၂၀၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Anatoly Bulochnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြု တွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Anatoly Bulochnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Anatoly Bulochnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆




## ပင်လယ်ပြင် ငါးသယံဇာတများ ရေရှည်စားသုံးနိုင်ရန် ထိန်းသိမ်း

ယခုနှစ် မြန်မာ့ပင်လယ်ပြင်၌ ငါးမဖမ်းရ ရာသီကို ဧပြီ၊ မေနှင့် ဇွန်လအထိ သုံးလတာကာလ သတ်မှတ်ထားသည်။ ငါးသယံဇာတကို ထိန်းသိမ်းခြင်းဖြင့် စဉ်ဆက်မပြတ်ထုတ်ယူစားသုံးနိုင်ရေးအတွက် ရည်ရွယ်ကာ ငါးမဖမ်းရ ရာသီကို နှစ်စဉ်သတ်မှတ်ပေးနေခြင်းဖြစ်သည့်အတွက် ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေသူအားလုံးက လိုက်နာကြရမည် ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင် ဂေဟစနစ်နှင့် ငါးသယံဇာတအခြေအနေနှင့် စပ်လျဉ်း၍ နော်ဝေသုတေသနရေယာဉ်ဖြင့် သုတေသနပြု လေ့လာတွေ့ရှိချက်များအရ မြန်မာ့ပင်လယ်ပြင်၏ ငါးသယံဇာတမှာ သိသာစွာ လျော့နည်းကျဆင်းပြီး ထိရောက်စွာ ထိန်းသိမ်းရန်လိုအပ်လျက်ရှိသည်။ ငါးမဖမ်းရရာသီ သုံးလသတ်မှတ်ခြင်းကို ၂၀၁၃ ခုနှစ်တွင် စတင်ခဲ့ပြီး ငါးဖမ်းဆီးခွင့်လုံးဝပိတ်ပင်လိုက်ခြင်း မဟုတ်ဘဲ ရာခိုင်နှုန်းအလိုက် ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငါးဖမ်းဆီးခွင့် ၅၀ ရာခိုင်နှုန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငါးဖမ်းဆီးခွင့် ၁၀ ရာခိုင်နှုန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငါးဖမ်းဆီးခွင့် ၃၀ ရာခိုင်နှုန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငါးဖမ်းဆီးခွင့် ၂၀ ရာခိုင်နှုန်း ခွင့်ပြုပေးခဲ့ရာ ငါးသယံဇာတအခြေအနေ ပိုမိုထူးခြားကောင်းမွန်လာခြင်းမရှိဘဲ ၂၀၁၈-၂၀၁၉ ရာသီတွင် ကမ်းဝေးငါးဖမ်းရေယာဉ်များကို ရာနှုန်းပြည့် စတင်ပိတ်ပင်တားမြစ်ခဲ့ရာ ရာသီပြန်ဖွင့်ချိန်တွင် ငါးအထိအမိ ကောင်းခဲ့သလို အရွယ်အစားအားဖြင့်လည်း စံချိန်မီ ငါးများကို ရရှိခဲ့သည်။

ငါးမဖမ်းရ ရာသီသတ်မှတ်ခြင်းသည် သဘာဝအလျောက် ငါးများ ပေါက်ပွားစေခြင်းဖြင့် ငါးသယံဇာတ မပြုန်းတီးအောင် ထိန်းသိမ်းခြင်းပင်ဖြစ်ရာ မျိုးပွားမည့် ငါးကြီးများကို ထိန်းသိမ်းခြင်း၊ ဥဆောင်ချိန်၊ ဥဥချိန်၊ သားပေါက်ချိန်၊ သားပေါက်များ ကြီးပြင်းချိန်တို့တွင် ငါးဖမ်းဆီးခြင်း မပြုမှသာ ငါးသယံဇာတ ရေရှည်တည်တံ့နိုင်မည်ဖြစ်သည်။ ငါးမဖမ်းရ ရာသီကာလအတွင်း လုပ်ငန်းများလုပ်ကိုင်မှု မရှိစေရေးအတွက် ကမ်းနီးကမ်းဝေးရေလုပ်ငန်းရှင်များ၊ ကျားဖောင်လုပ်ငန်းရှင်များအား သက်ဆိုင်ရာဌာန တာဝန်ရှိသူများက တွေ့ဆုံပညာပေးဆွေးနွေးမှုများ ပြုလုပ်လျက်ရှိရာ ရေလုပ်ငန်းရှင်အားလုံးက ဌာနနှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်း၊ တိကျစွာလိုက်နာခြင်းဖြင့် ပင်လယ်ပြင် ငါးသယံဇာတများကို ထိန်းသိမ်းနိုင်ပြီး စဉ်ဆက်မပြတ်ထုတ်ယူ စားသုံးနိုင်ကြမည်ဖြစ်သည်။

ပင်လယ်ပြင်တွင် ငါးသယံဇာတများ လျော့နည်းကျဆင်းရခြင်းသည် ရာသီဥတုပြောင်းလဲလာမှုနှင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုတို့ကြောင့် ဖြစ်သလို ငါးပုစွန်များကို အလွန်အကျွံဖမ်းဆီးခြင်းကြောင့်လည်း ပါဝင်သည်။ အလွန်အကျွံ ဖမ်းဆီးသည်ဟုဆိုရာတွင် မိုင်းခွဲခြင်း၊ အဆိပ်ချခြင်း၊ ရာသီချိန်ခါမရွေး ငါးဖမ်းပိုက်အရွယ်အစားအမျိုးမျိုးတို့ဖြင့် ရသမျှအကုန် ဖမ်းဆီးခြင်း စသည်တို့ဖြစ်ပြီး စည်းကမ်းမဲ့စွာ ဖမ်းဆီးခြင်းကြောင့် မြန်မာ့ပင်လယ်ပြင်၌ ငါးသယံဇာတလျော့နည်းကျဆင်းမှုမှာ စိုးရိမ်စရာအခြေအနေသို့ ရောက်ရှိခဲ့ရခြင်းဖြစ်သည်။ ငါးမဖမ်းရ သတ်မှတ်ရာသီတွင် ရာခိုင်နှုန်းပြည့် မဖမ်းဆီးဘဲ ထိန်းသိမ်းနိုင်ခဲ့ခြင်းဖြင့် လက်တွေ့အကျိုးဖြစ်ထွန်းသည်ကို သိရှိကြပြီးဖြစ်ရာ ရေလုပ်ငန်းရှင်များအားလုံး မိမိတို့ အကျိုး၊ နိုင်ငံနှင့်ပြည်သူလူထုအကျိုးအတွက် ငါးသယံဇာတ ရေရှည်တည်တံ့အောင် ပါဝင်ထိန်းသိမ်းကြရပါမည့်အကြောင်း။ ။

## မြန်မာနိုင်ငံ ပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထိန်လင်း ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ မကွေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာ နေသွယ်ကြည် ကို ဗန်းမော်တက္ကသိုလ်ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၂၈

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

မိုး/ဇလ

## ၂၀၂၃ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲအတွက် ဖိတ်ခေါ်ခြင်း

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၂၃ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို **“ပလတ်စတစ်ညစ်ညမ်းမှု တိုက်ဖျက်ဖို့ ပူးပေါင်းဖြေရှင်းဆောင်ရွက်စို့ – Solutions to Plastic Pollution ”** ဆောင်ပုဒ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ အဆိုပါ အထိမ်းအမှတ်အခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲများကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် ၁၈-၅-၂၀၂၃(ကြာသပတေးနေ့) နောက်ဆုံးထား၍ ပြိုင်ပွဲဝင်စာမူများ ပေးပို့နိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ Website (www.ecd.gov.mm) နှင့် Facebook Page(Environmental Conservation Department–ECD)တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။ ဆုရရှိသူများကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်မည့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဆုချီးမြှင့်သွားမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

နေပြည်တော် မေ ၂၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်း အပတ်စဉ် (၈)ခု၊ အပတ်စဉ် တစ်ခုလျှင် (၆) ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ပထမအကြိမ် ကျောင်းအခြေပြုသင်တန်းအား ၂-၅-၂၀၂၃ ရက်နေ့မှ ၉-၆-၂၀၂၃ ရက်နေ့အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)** အမှတ်-၁၃၅၊မဟာ့ဗန္ဓုလစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)** အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့၊ ဖုန်း-၀၂၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)** ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)** အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း- ၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)** အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း-၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)** ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊ ဖုန်း- ၀၉-၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)** အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂-၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)** မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက် စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)** အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှောင်မြို့၊ ဖုန်း-၀၉-၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)** အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

# မြန်မာ-ရုရှား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာမှုအခြေအနေများ ရင်းရင်းနှီးနှီးဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Anatoly Bulochnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

❖ **ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းများတွင် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာကိစ္စရပ်များ ရင်းရင်းနှီးနှီးဆွေးနွေး**

◆ *ရွှေ့ဖုံးမှ*

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာမှုအခြေအနေများ၊ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းများတွင် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြားခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံမှုများ တိုးတက်စေရေးအတွက် ရုရှားနိုင်ငံ၌ မြန်မာနိုင်ငံ ကောင်စစ်ဝန်ရုံးများ တည်ဆောက်လျက်ရှိမှု၊ နှစ်နိုင်ငံအကြား ကူးလူးဆက်ဆံမှုများ တိုးမြှင့်ရေးနှင့် နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများ ယခုထက် ပိုမိုတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးတို့နှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဦးကိုကိုလှိုင်၊ ဦးအောင်သော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌနှင့်အတူ ကိုယ်စားလှယ်အဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Anatoly Bulochnikov တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

❂ *ကျောဖုံးမှ*

ထိုသို့ တွေ့ဆုံစဉ် ကျောက်ဖြူ အထူးစီးပွားရေးဇုန်ဆိုင်ရာ ကိစ္စများ၊ နယ်စပ်ဒေသသတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်၍ နှစ်နိုင်ငံနယ်စပ်ဒေသများတွင် တည်ငြိမ်အေးချမ်းရေး၊ မူးယစ်ဆေးဝါး၊ တရားမဝင်လောင်းကစားမှု၊ အွန်လိုင်းဂိမ်းနှင့် လူကုန်ကူးမှုများ တိုက်ဖျက်ရေးတို့ကို တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် နှစ်နိုင်ငံကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်အတူ စီးပွားရေးသံမှူး Mr. Tab Shufu နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# သံအမတ်ကြီး ဦးတင်မောင်ဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မေ ၂၉**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်မောင်ဆွေသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ပေကျင်းမြို့၌ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အာဆီယံ-တရုတ် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု စိုက်ပျိုးရေးဆိုင်ရာဖိုရမ်နှင့် ကမ္ဘာလုံးဆိုင်ရာ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု စိုက်ပျိုးရေးဆိုင်ရာ ကုန်စည်ပြပွဲသို့ တက်ရောက်

**နေပြည်တော် မေ ၂၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံဆိုင်ရာ မြန်မာ သံအမတ်ကြီး ဦးတင်မောင်ဆွေ တို့သည် မေ ၂၆ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်တုန်းပြည်နယ် ဝေ့ဖန်မြို့ရှိ Fuwah International Exhibition Center ၌ ကျင်းပသည့် အာဆီယံ-တရုတ် ဒစ်ဂျစ်တယ် နည်းပညာအသုံးပြု စိုက်ပျိုးရေး ဆိုင်ရာဖိုရမ်သို့ တက်ရောက်ခဲ့ကြသည်။

ဖိုရမ် မကျင်းပမီ မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘာလုံးဆိုင်ရာ ဒစ်ဂျစ်တယ် နည်းပညာအသုံးပြု စိုက်ပျိုးရေးဆိုင်ရာ ကုန်စည်ပြပွဲသို့ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကိုယ်စားလှယ်များ နှင့်အတူ လေ့လာကြသည်။



အာဆီယံ-တရုတ် ဒစ်ဂျစ်တယ် နည်းပညာအသုံးပြု စိုက်ပျိုးရေး ဆိုင်ရာဖိုရမ်တွင် အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကိုယ်စားလှယ်များက နိုင်ငံအလိုက် စိုက်ပျိုးရေးကဏ္ဍ တွင် ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုဆောင်ရွက်နေမှုကိုတင်ပြ ဆွေးနွေးကြရာ မြန်မာနိုင်ငံ ကိုယ်စားလှယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေ လင်းက မြန်မာနိုင်ငံတွင် ဒစ်ဂျစ် တယ်နည်းပညာအသုံးပြု စိုက်ပျိုး ရေးဆိုင်ရာ မူဝါဒများ၊ အတွေ့ အကြုံများ၊ နည်းလမ်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

မြန်မာကိုယ်စားလှယ် အဖွဲ့သည် ညပိုင်းတွင် အာဆီယံ-တရုတ် ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြု စိုက်ပျိုးရေးဆိုင်ရာဖိုရမ် ဂုဏ်ပြုညစာစားပွဲသို့ အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုအဖွဲ့များ၏ ဧည့်ခံဖျော်ဖြေမှုကို အားပေးခဲ့ကြသည်။

မြန်မာကိုယ်စားလှယ် အဖွဲ့သည် ယမန်နေ့တွင် ရှန်တုန်းပြည်နယ် ရှောက်ဝန် (Shouguang) မြို့တွင် ပြုလုပ်သည့် (၂၄) ကြိမ်မြောက် ခေတ်မီဒစ်ဂျစ်တယ် နည်းပညာဖြင့် စိုက်ပျိုးထားသည့် ဟင်းသီးဟင်းရွက်ပြပွဲတွင် ဟင်းသီးဟင်းရွက်အမျိုးပေါင်း ၇၀၀၀ ကျော် စိုက်ပျိုးပြသထားမှုနှင့် အရည်အသွေးကောင်း ဟင်းသီး ဟင်းရွက်များကို အွန်လိုင်းမှ တိုက်ရိုက် ရောင်းချပေးနေမှုကို လည်းကောင်း၊ ရှန်တုန်းပြည်နယ် ဝေ့ဖန်မြို့ရှိ Yanjiabu Folk Cultural Village ကိုလည်းကောင်း ကြည့်ရှု လေ့လာခဲ့ကြရာ သက်ဆိုင်ရာ ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများက လိုက်ပါရှင်းလင်းပြသခဲ့ကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံမှူးကြီး ဒေါက်တာဂျန်ဂျီဟောင်နှင့် သံရုံးတာဝန်ရှိသူများ၊ ဌာနတာဝန်ရှိသူများက ကြိုဆိုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ရုရှား-မြန်မာ ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာဖိုရမ် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် မေ ၂၈**

"ရုရှား-မြန်မာ ပူးပေါင်း ဆောင်ရွက်ရေး မဟာဗျူဟာ" ဖိုရမ်ကို ရုရှားနိုင်ငံ မော်စကိုမြို့တွင် မေ ၂၂ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့ပြီး အဆိုပါဖိုရမ်သို့ မြန်မာ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါဖိုရမ်သို့ တက်ရောက်ခဲ့သည့် မြန်မာကိုယ်စားလှယ် အဖွဲ့သည် ရုရှားနိုင်ငံ မော်စကိုမြို့တွင် ရောက်ရှိနေစဉ်အတွင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်ရည်ရွယ်၍ သက်ဆိုင်ရာ ရုရှားအဖွဲ့အစည်းများနှင့် အစည်းအဝေးများ ပြုလုပ်ခဲ့သည်။



ဆွေးနွေးမှုများအတွင်း နှစ်နိုင်ငံ သံတမန် ဆက်သွယ်ထူထောင်မှု စိန်ရတုပြည့်မြောက်ခဲ့မှုနှင့်အတူ နှစ်နိုင်ငံအကြား အပြန်အလှန် ဆက်ဆံရေး အရှိန်အဟုန် မြင့်မားလာမှုကို အသိအမှတ်ပြုခဲ့ကြပြီး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု နယ်ပယ်တွင် အဆက်အသွယ်များ တည်ဆောက်နိုင်မှုနှင့် နိုင်ငံများ အကြား ပညာရေးဆိုင်ရာဆက်ဆံရေး ထူထောင်မှုများမှတစ်ဆင့် ရုရှား-မြန်မာ ကုန်သွယ်မှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာကိစ္စရပ်များ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ အပြန်အလှန်ဆက်သွယ်ရေးအတွက် လိုအပ်ချက်များ၊ ရုရှားဈေးကွက်သို့ မြန်မာ့ထုတ်ကုန်ပစ္စည်းများ တင်ပို့ရေးဆိုင်ရာများ၊ ရုရှားနှင့် မြန်မာကြား လူသားချင်းစာနာမှု၊ ပညာရပ်ဆိုင်ရာနှင့် လူမှုရေး-နိုင်ငံရေး ပူးပေါင်းဆောင်ရွက်မှု ခိုင်မာစေရေးဆိုင်ရာများ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဖိုရမ်အစီအစဉ်များပြီးနောက် ကိုယ်စားလှယ်အဖွဲ့သည် စိန့်ပီတာစဘတ်မြို့ရှိ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်းနှင့် ရုရှားနိုင်ငံ ယဉ်ကျေးမှုမြို့တော်ဖြစ်သည့် စိန့်ပီတာစဘတ်မြို့အတွင်း လေ့လာရေးအစီအစဉ်များ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် မေ ၂၈**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ သထုံမြို့တွင် ၁ ဒသမ ၃၀ လက်မ၊ ကော့ကရိတ်မြို့တွင် ၁ ဒသမ ၉၅ လက်မ၊ ပေါင်မြို့တွင် ၁ ဒသမ ၈၇ လက်မ၊ နောင်ချိုမြို့တွင် ၁ ဒသမ ၅၉ လက်မ၊ နေပြည်တော်လေဆိပ် (လော) တွင် ၁ ဒသမ ၄၄ လက်မနှင့် ကျောက်မဲမြို့နှင့် ရွှေဘိုမြို့တို့တွင် ၁ ဒသမ ၂၄ လက်မတို့ဖြစ်ကြသည်။

မိုး/ဇလ

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း) A.G.T.I ဒီပလိုမာ သင်တန်းအမှတ်စဉ်(၁၆) ဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားကျင်းပ





**နေပြည်တော် ဧပြီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း) A.G.T.I ဒီပလိုမာ သင်တန်းအမှတ်စဉ် (၁၆) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် အဆိုပါ ဒီဂရီကောလိပ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ အလုပ်ခန့်အပ်လွှာပေးအပ်မည့် ဝန်ကြီးဌာန ၁၉ ခုမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ သင်တန်းဆင်းကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏မိသားစုဝင်များ တက်ရောက်ခဲ့ကြသည်။

**လေ့ကျင့်သင်ကြားပေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက လက်ရှိအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၁၂)ရပ် ချမှတ်၍ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့်လည်း နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မဟာဗျူဟာ၊ မူဝါဒ၊ ရည်မှန်းချက်များ ချမှတ်၍ ထိရောက်အောင်မြင်စွာ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူငယ်များကို ၎င်းတို့၏နယ်စပ်ဒေသများ၌ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း) တို့ကို တည်ထောင်ဖွင့်လှစ် ပြုစုပျိုးထောင် လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း)ကို စတင်ဖွင့်လှစ်သည့်အချိန်မှ ယနေ့အထိ ဝိဇ္ဇာဘွဲ့ ၄၂၀၊ သိပ္ပံဘွဲ့ ၇၇၄ ဦး၊ B.Tech ၁၃၉ ဦး၊ အင်ဂျင်နီယာဒီပလိုမာ ၆၅၄ ဦး စုစုပေါင်း တိုင်းရင်းသားလူငယ် ၁၉၈၇ ဦးတို့ကို ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အားပေးထောက်ပံ့လေ့ကျင့်သင်ကြားပေးမှု၊ ကျောင်းသားကျောင်းသူများ၏ စဉ်ဆက်မပြတ် ကြိုးစားလေ့လာမှုများကြောင့် ယခုအခါ မဟာဝိဇ္ဇာဘွဲ့ ၇၈ ဦး၊ မဟာသိပ္ပံဘွဲ့ ၁၈၁ ဦး၊ Ph.D ဘွဲ့ ၁၈ ဦး၊ B.E ၅၁၁ ဦး၊ M.E ၂၂ ဦး၊ B.Tech ၂၀၇ ဦး အသီးသီး အောင်မြင်မှုရရှိခဲ့သဖြင့် အားရကျေနပ်ဖွယ် ဖြစ်ပါကြောင်း၊ ကျောင်းဆင်း ကျောင်းသားကျောင်းသူများအနေဖြင့် အတုယူကြိုးစားအားထုတ်သွားကြရန် အထူးမှာကြားလိုကြောင်း၊ ယနေ့ ပြောင်းလဲတိုးတက်လာသည့် ခေတ်စနစ်နှင့်အညီ စွမ်းဆောင်ရည်မြင့်မားသည့် နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်လာစေရေးအတွက် မဟာဘွဲ့သင်တန်း၊ ပါရဂူဘွဲ့သင်တန်းများအား နိုင်ငံ့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နေရင်းဖြင့် ဆက်လက်တက်ရောက် ဆည်းပူးနိုင်အောင် ကြိုးစားအားထုတ်သွားကြရန်၊ ICT နည်းပညာနှင့် Social Media တို့ကိုလည်း မိမိကိုယ်တိုင်၊ မိမိပတ်ဝန်းကျင်နှင့် မိမိနိုင်ငံ ကောင်းကျိုးရရှိစေရေးအတွက်သာ အသိ၊ သတိဖြင့် အထူးဂရုပြုလေ့လာကြရန်နှင့် စနစ်တကျ အကျိုးရှိရှိ သုံးစွဲသွားကြရန် လိုအပ်မည် ဖြစ်ပါကြောင်း။

သင်တန်းဆင်း မောင်တို့မယ်တို့အနေဖြင့် နိုင်ငံ့ဝန်ထမ်းများအဖြစ် နယ်စပ်ဒေသအသီးသီးတွင် တာဝန်ထမ်းဆောင်ကြရာ၌ မူလလုပ်ငန်းတာဝန်များအပြင် ဒေသခံတိုင်းရင်းသားလူမျိုးများ၏ စာပေ၊ ရိုးရာ၊ ဓလေ့ထုံးစံအမွေအနှစ်များကို လေးစားလိုက်နာကာ အစဉ်မြတ်နိုးစွာဖြင့် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရန်၊ မိမိတို့တတ်မြောက်ထားရှိသည့် အသိပညာ၊ အတတ်ပညာများဖြင့် မိမိတာဝန်ကျရာဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားကြရန်၊ မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင်လည်း လေ့လာသင်ယူ တတ်မြောက်ခဲ့သည့် အင်ဂျင်နီယာပညာရပ်များကို လက်တွေ့မြေပြင် အနေအထားများအပေါ် မူတည်ပြီး ပေါင်းစပ်၊ နှိုင်းယှဉ်သုံးသပ်၍ အစွမ်းကုန်ကြိုးစားဆောင်ရွက်ရင်း မိမိတို့ဝန်ကြီးဌာန ပုံရိပ်ကို မြှင့်တင်ပေးကြရန်၊ နိုင်ငံတော်နှင့် ပြည်သူတို့၏ အားကိုးအားထားပြုရမည့် နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်အောင် အမြဲနလုံးသွင်း ကြိုးစားကျင့်ကြံဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

**ထူးချွန်ဆု ပေးအပ်ချီးမြှင့်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အင်ဂျင်နီယာဘာသာရပ် ထူးချွန်ဆုရရှိသူ ကျောင်းသားကို ထူးချွန်ဆု ပေးအပ်ချီးမြှင့်ပြီး ဝန်ကြီးဌာန ၁၉ ခုတို့မှ ကိုယ်စားလှယ်များက သင်တန်းဆင်း ကျောင်းသား ကျောင်းသူ ၆၅ ဦးတို့ကို အလုပ်ခန့်အပ်လွှာများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်တော်များ၊ ဆရာ ဆရာမများ၊ သင်တန်းဆင်း ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များအား ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ကြပြီး သင်တန်းဆင်း ကျောင်းသား ကျောင်းသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

**ကြည့်ရှုစစ်ဆေး**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကျောင်းဝင်းအတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် အားကစားကွင်း ပွဲကြည့်စင်၊ သုံးထပ်ကျောင်းသူအိပ်ဆောင်နှင့် လေးထပ်အင်ဂျင်နီယာအလုပ်ရုံ ဆောက်လုပ်မည့် လျာထားမြေနေရာ၊ မနုသဗေဒပြခန်း၊ ကျောင်းသားအိပ်ဆောင်များကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားသည်။

**ထောက်ပံ့ငွေများ ချီးမြှင့်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းအစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ကျောင်းအုပ်ကြီးက အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ သင်ကြားရေးဆိုင်ရာကိစ္စရပ်များနှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများကို ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်သည်။ ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သင်တန်းဆင်းကျောင်းသား ကျောင်းသူများအား ဘွဲ့နှင်းသဘင်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာ့ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးခြင်း ရက်သတ္တပတ်လှုပ်ရှားမှုများ ဆောင်ရွက်

**မင်းလှ ဧပြီ ၂၈**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်ကျန်းမာရေးဦးစီးဌာန ကမ္ဘာ့ကာကွယ် ဆေးထိုးနှံ/တိုက်ကျွေးခြင်း ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် မွေးကင်းစ ကလေးငယ်များနှင့် အသက် နှစ်လမှ သုံးနှစ်အောက် ကလေးငယ်များကို ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးပေးခြင်းကို ယမန်နေ့က ဆောင်ရွက်ပေးကြသည်။



ကာကွယ်ဆေး ထိုးနှံ/တိုက်ကျွေးခြင်းကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာလှဝင်း ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက ပြည်သူ့ကျန်းမာရေး ဦးစီးဌာနလက်အောက်ရှိ မိခင်နှင့်ကလေးကျန်းမာရေးဌာနခွဲ၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများတွင် မွေးကင်းစ ကလေးငယ်များနှင့် ကာကွယ်ဆေးထိုးနှံရန် ပျက်ကွက်ခဲ့သော အသက် နှစ်လမှ သုံးနှစ်အောက် ကလေးငယ်များကို ပြန်လည်ခေါ်ယူ၍ ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးပေးသည်။

အဆိုပါ ကမ္ဘာ့ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးခြင်းရက်သတ္တပတ်လှုပ်ရှားမှုကို ဧပြီ ၂၄ ရက်မှ ၃၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပေါက်တောမြို့နယ်၌ မြစိမ်းရောင်အတိုးရငွေဖြင့် ကွန်ကရစ်လမ်းဆောင်ရွက်

**ပေါက်တော ဧပြီ ၂၈**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြိမ်ခွေမော်ကျေးရွာမှ ကြိမ်ခွေမော်ကျေးရွာအုပ်စု ကြိမ်ခွေ မော်ကျေးရွာသည် ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာနှစ်မှစတင်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေကျပ် သန်း ၃၀ အား အသင်းသူ အသင်းသားများသို့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် ထုတ်ချေးခဲ့ရာ အတိုးရငွေ၏ ၅၀ ရာခိုင်နှုန်း ငွေကျပ် ၁၁ ဒသမ ၆ သန်းနှင့် ပြည်သူထည့်ဝင်ငွေ ၂ ဒသမ ၀၀ သန်းတို့ဖြင့် ကျေးရွာတွင်း



ကွန်ကရစ်လမ်း အလျား ပေ ၆၉၀ အကျယ် ခုနစ်ပေ ထု ခြောက်လက်မအား ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ ကွန်ကရစ်လမ်း ဆောင်ရွက်နေမှုအား ပေါက်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဦးသန်းထွန်း၊ စီမံကိန်းတာဝန်ခံဝန်ထမ်းနှင့် အင်ဂျင်နီယာတို့က ယနေ့ နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းမှာ ၃၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးကြောင်း သိရှိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှုများအား မန္တလေးတိုင်းဒေသကြီးမှ ပင့်ဖိတ်ထားသောဆရာတော်ကြီးများ လာရောက်လေ့လာဖူးမြော်ကြည်ညို

**နေပြည်တော် ဧပြီ ၂၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိ မြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ပူဇော် လျက်ရှိသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အား မိတ္ထီလာမြို့ အသောကာရုံရေလည်ကျောင်း တိုက် နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တ လာဘာဝတနှင့် ကျောက်ဆည်မြို့ ရောဝတီပရိယတ္တိ စာသင်တိုက် နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တပါမောက္ခာဘိဝံသတို့ ဦးဆောင်လျက် ပင့်ဖိတ် ထားသော ဆရာတော်၊ သံဃာတော်စုစုပေါင်းသံဃာ ၁၀၃ ပါးတို့က ယနေ့နံနက်ပိုင်းတွင် လာရောက် လေ့လာ ဖူးမြော်ကြည်ညိုကြသည်။ **(ယာပုံ)**

ဦးစွာ ရှင်းလင်းဆောင်၌ ဆရာတော်၊ သံဃာ တော်ကြီးများအား ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) မှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း က မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တည်ထား ကိုးကွယ်ရသည့် ရည်ရွယ်ချက်၊ တည်ထား ကိုးကွယ်ရန် စကျင်ကျောက်တုံးတော်ကြီးများအား အဆင့်ဆင့်တူးဖော်ခြင်းနှင့် ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းများဖြင့် ပင့်ဆောင်ခဲ့ရမှု၊ ရုပ်ပွား တော်မြတ်ကြီး၏ ဆင်းတုတော် အပိုင်း(၁/၂/ ၃/ ၄) တို့အား ထုဆစ်ခြင်း၊ ပလ္လင်တော်အထက်သို့ပင့်ဆောင်








နိုင်ရန် သံမဏိမျှော်စင်ဝန်ချီစက် တည်ဆောက် ခြင်း၊ ရုပ်ပွားတော်မြတ်ကြီးအား ပင့်ထောင်ခြင်းနှင့် ပင့်ဆောင်နေရာချထားခြင်း လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှုအခြေအနေများ၊ မာရဝိဇယဗုဒ္ဓ ဥယျာဉ်တော်ကြီးနှင့် သာသနိကအဆောက်အဦ စိမ်းလန်းစိုပြည်သာယာလှပစေရေးအတွက် သစ်ပင်၊ ပန်းမန်များ စိုက်ပျိုးဆောင်ရွက်နေမှု၊ သာသနိက အဆောက်အဦများ ဆောက်လုပ်နေမှုနှင့် အဆင့်ဆင့် တိုးတက်လာမှု အခြေအနေများကို ရှင်းလင်း လျှောက်ထားသည်။

ထို့နောက်ပင့်ဖိတ်ထားသော ဆရာတော်၊ သံဃာ တော်ကြီးများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ် ကြီးနှင့် ပလ္လင်တော်တည်ဆောက်ပြီးစီးမှု၊ ဗုဒ္ဓ ဥယျာဉ်တော်ကြီးအတွင်းရှိ သာသနိကအဆောက် အဦများ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်တည် ဆောက်နေမှုအခြေအနေများကိုလည်း လှည့်လည် ကြည့်ရှုကြသည်။

ယင်းနောက် ကြွရောက်လာကြသည့် ဆရာတော်၊ သံဃာတော်ကြီးများအား နေ့ဆွမ်းနှင့် လှူဖွယ်ပစ္စည်း များ ဆက်ကပ်လှူဒါန်းကြပြီး တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာ တော်ကြီးများထံမှ ပရိတ်တရားတော်များကို နာယူ ခဲ့ကြကြောင်းသတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ရောဝတီမြစ်၏ရေအရင်းအမြစ်နှင့် မြစ်ရေလမ်းကြောင်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၂၈**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်း ဟန်သည် မကွေးတိုင်းဒေသ ကြီး သယံဇာတရေးရာဝန်ကြီး ဦးစိုင်းမြင့်အေးနှင့် လျှပ်စစ် စွမ်းအားဝန်ကြီးဌာနနှင့် ဆောက် လုပ်ရေးဝန်ကြီးဌာနတို့မှ ဌာန ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် မကွေး တိုင်းဒေသကြီး အောင်လံမြို့နယ် ရုံးဆိပ်ကျေးရွာအနီးနှင့် ပဲခူးတိုင်း ဒေသကြီး ပန်းတောင်းမြို့နယ် ထုံးဘိုမြို့အနီးရှိ ရောဝတီမြစ် ၏ ရေအရင်းအမြစ်နှင့် မြစ်ရေ လမ်းကြောင်း အခြေအနေတို့ကို သွားရောက်ကြည့်ရှု စစ်ဆေး သည်။ **(အပေါ်ယာပုံ)**



ဦးစွာ ပြည်ထောင်စုဝန်ကြီး နှင့်အဖွဲ့သည် အောင်လံမြို့နယ် ရုံးဆိပ်ကျေးရွာအနီး ရောဝတီ မြစ်၏ ရေအရင်းအမြစ်နေရာသို့ ရောက်ရှိရာ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်း များ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မကွေးတိုင်းဒေသကြီး တိုင်းဦးစီး မှူးတို့က ရောဝတီမြစ်ဝှမ်းဆိုင်ရာ အချက်အလက်များ၊ ရောဝတီမြစ် ၏ ရေလမ်းကြောင်းအခြေအနေ၊ ရေမျက်နှာပြင် အနိမ့်အမြင့် ကွာခြားချက်အခြေအနေ၊ မြစ်ရေ စီးနှုန်းနှင့် မြစ်ရေထုထည် စီးနှုန်း အခြေအနေတို့ကို ရှင်းလင်းတင်ပြ ကြသည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် ရောဝတီမြစ် အတွင်း ရောဝတီမြစ်၏ မြစ်ရေ စီးဆင်းနေမှု အခြေအနေ၊ မြစ်ကြောင်းအတွင်း အနည်ပို့ချ နှုန်းနှင့် သောင်ထွန်းနိုင်မှုအခြေ အနေ၊ ရေကြောင်းသွားလာမှု အခြေအနေနှင့် မြစ်ကမ်းပါး ဝဲ/ ယာ မြေမျက်နှာသွင်ပြင်အခြေ အနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်း ဒေသကြီး ပန်းတောင်းမြို့နယ် ထုံးဘိုမြို့အနီးရှိ ရောဝတီမြစ်၏ ရေအရင်းအမြစ်နေရာသို့ ရောက်ရှိ ရာ ရေအားလျှပ်စစ် အကောင် အထည်ဖော်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟိန်းထက် နှင့် ရေအရင်းအမြစ်နှင့် မြစ် ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပဲခူးတိုင်းဒေသကြီး တိုင်းဦးစီးမှူး ဦးမောင်မောင်နိုင် တို့က သူရဲတန်း-ထုံးဘို မြစ်ရေ လမ်းကြောင်းအခြေအနေ၊ ဒေသ၌ နွေရာသီရေစစ်မျဉ်းနှင့် အမြင့်ဆုံး တက်ရောက်သည့် ရေမျက်နှာပြင် ကွာခြားချက်မှာ ၄၅ ပေခန့် ဖြစ်ပေါ်ခဲ့သည့်အခြေအနေ၊ သူရဲ တန်း-ထုံးဘို ရေလမ်းကြောင်း ၌ အကောက်တောင်ဘက် ခြမ်းတွင် အနက် ၂၀ မီတာ ခန့်ရှိသည့် အခြေအနေနှင့် နွေရာသီကာလတွင် မြင်တွေ့ရ သည့် သဲသောင်ခုံများမှာ မိုးရာသီ ကာလတွင် ရေဖုံးလွှမ်းလေ့ရှိ သည့် အခြေအနေတို့ကို ရှင်းလင်း တင်ပြသည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် ရောဝတီ မြစ်ရေစီးဆင်းနေမှု အခြေအနေ၊ အနည်ပို့ချနှုန်းနှင့် သောင်ထွန်း နေသည့်အခြေအနေ၊ ကျောက် ထုတ်ယူရရှိနိုင်မှု အခြေအနေနှင့် မြစ်ကမ်းပါး မြေမျက်နှာသွင်ပြင် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သမဝါယမအသင်းများဖွံ့ဖြိုးတိုးတက်စေရေးနှစ်ချုပ်စာရင်းစစ်ဆေးခြင်း ရက်တိုသင်တန်းဖွင့်လှစ်

**မကွေး ဧပြီ ၂၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းများဖွံ့ဖြိုးတိုးတက် စေရန် ရည်ရွယ်၍ နှစ်ချုပ်စာရင်းစစ်ဆေးခြင်း ရက်တိုသင်တန်းဖွင့်ပွဲကို



ယမန်နေ့နံနက်ပိုင်းက တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၌ ကျင်းပ သည်။ **(အောက်ဝဲပုံ)**

ဦးစွာ တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးဘုန်းမြင့်ထွန်းက အဖွင့်အမှာစကား ပြောကြား သည်။ ဆက်လက်၍ သင်တန်းတွင် သင်ကြားပို့ချပေးမည့် သင်ခန်းစာ များနှင့် ပတ်သက်၍ဆွေးနွေးခဲ့ပြီး သင်တန်းဆရာတစ်ဦးက နှစ်ချုပ် အစီရင်ခံစာရေးသားနည်း၊ နှစ်ချုပ်စာရင်းများရေးဆွဲရာတွင် ကွဲလွဲချက်/ မှားယွင်းချက်များကို ပြုပြင်ရေးဆွဲနည်းများနှင့် စာရင်းများရေးဆွဲရာ တွင် အလေးထားရမည့် အချက်အလက်များကို စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါ နှစ်ချုပ်စာရင်းစစ်ဆေးခြင်း ရက်တိုသင်တန်းကို ဧပြီ ၂၇ ရက်မှ ၂၈ ရက် အထိ နှစ်ရက်ဖွင့်လှစ်ခဲ့ရာ သင်တန်းသား သင်တန်းသူ ၄၂ ဦးတက်ရောက်ခဲ့ပြီး ဘာသာရပ် ခုနှစ်ခုဖြင့် သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ကိုစည်သူ(မကွေး)**

# ပန်းတောင်းမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ၆၈ လုံးပျက်စီးဆုံးရှုံး

**ပန်းတောင်း ဧပြီ ၂၈**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ ယမန်နေ့ မွန်းလွဲ ၂ နာရီ က ရုတ်တရက်လေပြင်းတိုက်ခတ်မှုကြောင့် ပန်းတောင်းမြို့နယ် ဖောင်းကန်ရပ်ကွက် လှည်းကူးကျေးရွာအုပ်စု၊ ကြိုးကြာကျေးရွာအုပ်စု၊ တောင်ဘွေကျေးရွာအုပ်စု၊ လဲကျေးရွာအုပ်စု၊ သူရဲတန်းကျေးရွာအုပ်စု၊ ရေလည်ကျွန်းကျေးရွာအုပ်စု၊ မကြီးထုံးကျေးရွာအုပ်စု၊ တောင်ဘို့ကြီး ကျေးရွာအုပ်စု၊ ကျွန်းမီးကျေးရွာအုပ်စုအတွင်းရှိ လူနေအိမ် ၆၈ အိမ်နှင့် ဘုန်းကြီးကျောင်းနှစ်ကျောင်းအမိုးလန် ပျက်စီးခဲ့ကြောင်းသိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ၆၈ အိမ်နှင့် ဘုန်းကြီးကျောင်း နှစ်ကျောင်းပျက်စီးခဲ့ပြီး စုစုပေါင်း ပျက်စီးဆုံးရှုံးမှု ခန့်မှန်းတန်ဖိုးမှာ ၁၄၄၂၉၅၅၀ ကျပ်ဖြစ်ပြီး လူနှင့်တိရစ္ဆာန်များ တစ်စုံတစ်ရာ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

**သင်းသင်းအေး(ပြန်/ဆက်)**

# ဒုတိယအကြိမ် သုံးဆယ့်ရှစ်ဖြာမင်္ဂလာ ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဧပြီ ၂၈**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ကျင်းပသော ဒုတိယအကြိမ် သုံးဆယ့်ရှစ်ဖြာမင်္ဂလာ ယဉ်ကျေးလိမ္မာ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ(မြေညီထပ်)၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA)မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သင်တန်းကာလအတွင်း သုံးဆယ့်ရှစ်ဖြာမင်္ဂလာ တရားတော်တွင်ပါရှိသည့် **ပေါင်းသင်းဆက်ဆံရေး**တွင် မည်သည့်ပုဂ္ဂိုလ်များကို ရွေးချယ်ပေါင်းသင်းရမည်၊ ဆည်းကပ်ရမည်၊ **နေထိုင်ရေး**တွင် မည်သည့် အရပ်ဒေသကို ရွေးချယ်နေထိုင်ရမည် ဟူသည့် အဆုံးအမများပါဝင်ကြောင်းကို သိရှိနားလည်မည်ဟု ယုံကြည်ပါကြောင်း။




**ပညာသင်ကြားရေး**တွင် အသိပညာတိုးပွားအောင် လေ့လာဆည်းပူးထားရန်နှင့် အတတ်ပညာများကို သင်ကြားထားရန် လိုအပ်ကြောင်း၊ **စကားပြောဆို**ရာတွင် ယဉ်ယဉ်ကျေးကျေး၊ ချိုချိုသာသာ ပြောကြားတတ်ရန် **“သုဘာသိတ”**ဟု ဟောကြားထားကြောင်း၊ မိဘဆရာသမား၊ အကြီးအကဲတို့က ပြောဆိုဆုံးမရာတွင်လည်း ဆိုဆုံးမလွယ်သူ၊ နာခံတတ်သူဖြစ်ရန်လိုအပ်ကြောင်းကို **“သောဝစဿတာ”** ဟုဟောကြားထားကြောင်း၊သားတို့သမီးတို့အနေဖြင့် နိုင်ငံတော်အတွက် အားကိုးထိုက်၊ အားထားထိုက်သည့် သားကောင်း၊ သမီးမွန်များဖြစ်မည်ဟု အကြွင်းမဲ့ယုံကြည်ပါကြောင်း၊ သင်တန်းတွင် ပို့ချပေးခဲ့သည့် **“ပြည်သူ့နီတိ”** ဘာသာရပ်မှာလည်း ဘုရားရှင်ဟောကြားခဲ့သော အဆုံးအမဒေသနာများနှင့် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို အများဆုံးအခြေခံ၍ ရေးသားပြဋ္ဌာန်းထားတဲ့အတွက် လူမှုနယ်ပယ်တွင် **“နိုင်ငံကြီးသားပီသရန်”** လေ့ကျင့်ပျိုးထောင်ပေးခြင်းပင်ဖြစ်ကြောင်း၊ “အမျိုးဘာသာ သာသနာတော်ကို စောင့်ရှောက်တတ်သည့် နိုင်ငံသား ကောင်း၊ သမီးမွန်လေးများ ပေါ်ထွန်းလာစေရန်” ဟူသော သင်တန်းဖွင့်လှစ်ရခြင်း၏ အဓိကရည်ရွယ်ချက်နှင့်လည်း ကိုက်ညီပါကြောင်း ပြောကြားသည်။

ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း(YMBA)မှ သင်တန်းနည်းပြဆရာ လေးဦးနှင့် ဌာနတွင်းမှ နည်းပြဆရာမ ငါးဦးတို့ကိုဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး **(ဓါတ်ပုံ)** အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက သင်တန်းဆင်း ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသား ကျောင်းသူ သုံးဦးတို့ကို သင်တန်းဆင်းလက်မှတ်များပေးအပ်ရာ ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသား တစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၇၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးမြစ်ကူးတံတား(သန်လျင်တံတား အမှတ် - ၃) တည်ဆောက်ရေးလုပ်ငန်း ၇၆ ရာခိုင်နှုန်း ပြီးစီးလျက်ရှိ

**နေပြည်တော် ဧပြီ ၂၈**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်နှင့် သန်လျင်မြို့နယ်တို့ကို ဆက်သွယ်သည့် ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ်-၃) တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**





ဦးစွာပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ် - ၃) တည်ဆောက်ရေး လုပ်ငန်းခွင် သန်လျင်ဘက်ခြမ်းသို့ ရောက်ရှိပြီး တံတားဦးစီးဌာနမှ တာဝန်ရှိသူများက တံတားတည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ တံတားချဉ်းကပ်လမ်း ဆောင်ရွက်ပြီးစီးမှုတို့ကို လုပ်ငန်းခွင်အတွင်း လိုက်လံ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးမြစ်အား စက်လှေများဖြင့် ဖြတ်သန်း၍ Cable Stay Main Tower အမှတ်(၁)ဖြစ်သော ရေလယ်တိုင် P11 ပေါ်သို့ တက်ရောက်စစ်ဆေးပြီး Main Tower အမှတ်(၂) P12 တွင် Pier Head များ ဆောင်ရွက်ပြီးစီးမှု၊ P16,P17,P18,P19 နှင့် P20 တို့တွင် လွှန်းထိုးခြင်း(Launching) နည်းပညာကို အသုံးပြု၍ P.C Box Girder များ တပ်ဆင်နေမှုတို့ကို စစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များ၊ ရေလမ်းကြောင်း အန္တရာယ် ကင်းရှင်းရေးနှင့် လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးတို့ကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သာကေတဘက်ခြမ်းလုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ရောက်ရှိရာ တံတားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံရေး) ဦးကျော်ကောင်းချို က တံတားဆိုင်ရာ အချက်အလက်များ၊ တံတားကြီးပြီးစီးပါက ရရှိလာမည့် အကျိုးကျေးဇူးများ၊ လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်း အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေ က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက တည်ဆောက်ရေး လုပ်ငန်းများ အရည်အသွေး ကောင်းမွန်ရေးသည် မိမိတို့၏ အဓိကတာဝန်ဖြစ်ပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးဆက်သစ် အင်ဂျင်နီယာများ မွေးထုတ် ပြုစုပျိုးထောင်ပေးရန် လိုပါကြောင်း၊ တည်ဆောက်ရေး အပိုင်းတွင် အဓိကကျသည့် ဒီဇိုင်းပညာရပ်များကို ဌာနရှိ ဝန်ထမ်းဖြင့် တိုးတက်အောင်ဆောင်ရွက်ရန်လိုပါကြောင်း၊ ယခုတံတား တည်ဆောက်ရေး စီမံကိန်းတွင် ပါဝင် ဆောင်ရွက်နေကြသော ဌာနမှ ဝန်ထမ်းအင်ဂျင်နီယာများ အနေဖြင့် အဆင့်မြင့်တံတား တည်ဆောက်ခြင်း နည်းပညာရပ်များကို လုပ်ငန်းခွင်မှ လေ့လာသင်ယူ၍ လူ့စွမ်းအားအရင်းအမြစ် မြင့်မားလာအောင်ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ တံတား တည်ဆောက်ရေး လုပ်ငန်းများ အရည်အသွေး ပြည့်မီစွာဖြင့် သတ်မှတ်အချိန်အတွင်း ပြီးစီးရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဂရုပြုဆောင်ရွက်ကြရန် မှာကြားသည်။

ပဲခူးမြစ်ကူးတံတား(သန်လျင်တံတားအမှတ်-၃) တည်ဆောက်ပြီးစီးပါက ရန်ကုန်မှ သန်လျင်သို့ အချိန်တိုအတွင်း အလွယ်တကူ ဆက်သွယ် သွားလာနိုင်ပြီး ယာဉ်ကြောပိတ်ဆို့မှုလည်း လျော့နည်း သက်သာလာမည်ဖြစ်သည်။ တံတားတည်ဆောက်ရေး လုပ်ငန်းများကို ၂၀၁၉ ခုနှစ် မေလမှ လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါတံတားတစ်စင်းလုံး လုပ်ငန်းပြီးစီးမှု ၇၆ ရာခိုင်နှုန်း ပြီးစီးလျက်ရှိပြီး ၂၀၂၄ ခုနှစ်တွင် လုပ်ငန်းများပြီးစီးရေး လျာထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**အင်းတော် ဧပြီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်း ဧပြီ ၂ ရက်နှင့် ဧပြီ ၂၃ ရက်တွင် လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သော လေဘေးဒဏ်သင့် ပြည်သူများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲကို ဧပြီ ၂၇ ရက် နံနက် ၁၁ နာရီက အင်းတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အင်းတော်မြို့နယ် အနေဖြင့် ဧပြီ ၂ ရက်တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၁၇ လုံး၊ အုပ်ချုပ်ရေးမှူးရုံး တစ်ရုံး၊ အရန်မီးသတ်ရုံး တစ်ရုံး၊ စာသင်ကျောင်း တစ်ကျောင်း အမိုးလန်ပျက်စီးခဲ့ပြီး စုစုပေါင်း ကာလတန်ဖိုးငွေကျပ် ၁၀၈ သိန်းကျော် ဆုံးရှုံးပျက်စီးခဲ့ကြောင်း၊ အလားတူ ဧပြီ ၂၃ ရက်တွင် တိုက်ခတ်ခဲ့သော လေပြင်းကြောင့် နေအိမ်/အဆောက်အအုံ ၂၅ လုံး အမိုးလန်ပျက်စီးခဲ့ပြီး စုစုပေါင်း ကာလတန်ဖိုးငွေကျပ် ၄၅ သိန်းကျော် ပျက်စီး ဆုံးရှုံးခဲ့ကြောင်း အင်းတော်မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဖုန်ဂရိန်ထံမှ သိရသည်။




အခမ်းအနားတွင် နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

အဆိုပါ အခမ်းအနားတွင် နယ်မြေခံတပ်က လေဘေးသင့် အိမ်ထောင်စု ၂၅ စုအတွက် ငွေကျပ် ၂၅၀၀၀၀ နှင့် ဆန်ငါးအိတ်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနက လေဘေးသင့် အိမ်ထောင်စု ၃၉ စု လူဦးရေ ၁၈၉ ဦးအတွက် စုစုပေါင်း ငွေကျပ် ၂၃၄၆၉၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**လူအောင်**
**(ကသာ)**

# လျှပ်စစ်သုံးယာဉ်အပါအဝင် ဘက်ထရီအားသွင်းစက်တွေ၊ ဆက်စပ်ပစ္စည်းတွေနဲ့စပ်လျဉ်းပြီး ဦးဆောင်ကော်မတီက အတည်ပြုချမှတ်ထားတဲ့ မူဝါဒတွေ၊လမ်းညွှန်ချက်တွေနဲ့အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်

**ဦးရန်နိုင်လွင် (ညွှန်ကြားရေးမှူး)**

*■ တွေ့ဆုံမေးမြန်း – အောင်ရဲသွင်၊ ဟိန်းမင်းစိုး၊ ဓာတ်ပုံ – ကိုကိုအေး*

**ယခုအချိန်အခါတွင် ကမ္ဘာ့နိုင်ငံများသည် တွင်းထွက်လောင်စာဆီသုံးစွဲမှုများအစား လျှပ်စစ်၊ သဘာဝဓာတ်ငွေ့၊ ဟိုက်ဒရိုဂျင်နှင့် ဇီဝလောင်စာစသည်တို့ဖြင့် အစားထိုးသုံးစွဲနိုင်သည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်စွမ်းအင် အသုံးပြုမောင်းနှင်သည့်ယာဉ်များ ထုတ်လုပ်အသုံးပြုခြင်းနည်းလမ်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။**

မိမိတို့နိုင်ငံတွင်လည်း လျှပ်စစ်စွမ်းအင်အသုံးပြု မောင်းနှင်သည့်ယာဉ်များ အသုံးပြုနိုင်ရေးအတွက် အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီအောက်ရှိ လုပ်ငန်းကော်မတီငါးခုအနက် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှုနှင့် တင်သွင်း၊ တင်ပို့၊ တပ်ဆင်ထုတ်လုပ်မှုမြှင့်တင်ရေး လုပ်ငန်းကော်မတီကို ဖွဲ့စည်းထားရှိ၍ ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှုနှင့် တင်သွင်း၊ တင်ပို့၊ တပ်ဆင်ထုတ်လုပ်မှုမြှင့်တင်ရေးလုပ်ငန်းကော်မတီမှ စီစဉ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ လျှပ်စစ်သုံးယာဉ်များအတွက် လိုင်စင်ထုတ်ပေးမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ပြည်သူများသိရှိနိုင်စေရန် တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့မှုများကို ဖော်ပြလိုက်ပါသည်။

**ဦးရန်နိုင်လွင် (ညွှန်ကြားရေးမှူး၊ ကုန်သွယ်ရေးဦးစီးဌာန)**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီအောက်မှာ လုပ်ငန်းကော်မတီငါးခုနဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းကော်မတီငါးခုအနက် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် တင်သွင်း၊ တင်ပို့၊ တပ်ဆင်ထုတ်လုပ်မှုမြှင့်တင်ရေး လုပ်ငန်းကော်မတီကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အနေနဲ့ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။

လုပ်ငန်းကော်မတီရဲ့ လုပ်ငန်းတာဝန်တွေအနေနဲ့ လျှပ်စစ်သုံးယာဉ်နဲ့ ဆက်စပ်လုပ်ငန်းတွေကို ပြည်တွင်း၊ ပြည်ပမှ ပိုမိုရင်းနှီးမြှုပ်နှံနိုင်ရေး ဦးစားပေးမြှင့်တင်တဲ့ ရင်းနှီးမြှုပ်နှံသူကဏ္ဍမှာ ထည့်သွင်းခြင်းနဲ့ ရင်းနှီးမြှုပ်နှံသူများ ဖိတ်ခေါ်ခြင်း၊ တည်ဆဲဥပဒေတွေ၊ မူဝါဒတွေမှာ ဦးဆောင်ကော်မတီက အတည်ပြုချမှတ်ထားတဲ့ တင်သွင်း၊ တင်ပို့၊ တပ်ဆင်ထုတ်လုပ်မှုဆိုင်ရာမူဝါဒတွေ၊ လမ်းညွှန်ချက်တွေနဲ့ အညီ လိုက်နာဆောင်ရွက်နိုင်ရေး တိကျတဲ့ ညွှန်ကြားချက်တွေနဲ့ အသိပေးခြင်း၊ လျှပ်စစ်သုံးယာဉ်အပါအဝင် ဘက်ထရီအားသွင်းစက်တွေ၊ ဆက်စပ်ပစ္စည်းတွေနဲ့ စပ်လျဉ်းပြီး ဦးဆောင်




ဦးရန်နိုင်လွင်
(ညွှန်ကြားရေးမှူး)




ဒေါ်ခိုင်ဇာခြည်လင်း
(ဒုတိယညွှန်ကြားရေးမှူး)

ကော်မတီက အတည်ပြုချမှတ်ထားတဲ့ မူဝါဒတွေ၊ လမ်းညွှန်ချက်တွေနဲ့အညီ သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ အဖွဲ့အစည်းတွေ၊ ဖွံ့ဖြိုးမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီခွင့်ပြုချက်နဲ့ လျှပ်စစ်သုံးယာဉ်တင်သွင်းတဲ့ ကုမ္ပဏီတွေကို လုပ်ထုံးလုပ်နည်းနဲ့အညီ တင်သွင်းခွင့်ပြုနိုင်ဖို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အနေနဲ့ ကနဦးစီမံကိန်းကာလအတွင်း ပြည်ပက လျှပ်စစ်သုံးယာဉ်တင်သွင်းခြင်းဆိုင်ရာ လိုက်နာရမယ့် စည်းကမ်းချက်တွေကို သတ်မှတ်တဲ့ အမိန့်ကြော်ငြာစာအမှတ် (၆၂/၂၀၂၂) ကို ၂၀၂၂ခုနှစ် နိုဝင်ဘာ ၁၁ ရက်မှာ ထုတ်ပြန်ခဲ့ပါတယ်။

ဒါ့အပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေနဲ့ စားသုံးသူတွေ မနစ်နာစေရေးအတွက် လျှပ်စစ်သုံးယာဉ်တင်သွင်းတဲ့ ကုမ္ပဏီတွေကို ပင်ရင်းကုမ္ပဏီကနေဖြစ်စေ၊ Regonial Office ကနေဖြစ်စေ Deale–rship / Distrubutorship ခန့်အပ်ခြင်းကို ဆောင်ရွက်ခြင်း၊ ဝယ်ယူသုံးစွဲသူပြည်သူတွေအတွက် Saleservice & Spare Parts (3S)နဲ့ အာမခံဆောင်ရွက်နိုင်တဲ့ အရောင်းပြခန်း ဖွင့်လှစ်ဆောင်ရွက်စေခြင်း၊ အရောင်းပြခန်းဖွင့်လှစ်ခြင်း ရှိ မရှိကို မြေပြင်စစ်ဆေးရေးအဖွဲ့နဲ့ စိစစ်ခြင်းနဲ့ အရောင်းပြခန်း ဖွင့်လှစ်ခွင့်ပြုခြင်းကို ဆောင်ရွက်လျက်ရှိတဲ့အပြင် အရောင်းပြခန်းဖွင့်လှစ်ခြင်းဆိုင်ရာ စည်းကမ်းချက်ကို အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၂၁) ကို လုပ်ထုံးလုပ်နည်းနဲ့အညီ ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါတယ်။

ဒီစည်းကမ်းချက်မှာ အဓိကအချက်ဖြစ်တဲ့ တင်သွင်းလာတဲ့ မော်တော်ယာဉ်တွေကို သတ်မှတ်ထားတဲ့ အရောင်းပြခန်းနဲ့ သိုလှောင်ရုံမှာထားရှိရမယ်လို့ ဖော်ပြထားပြီး အရောင်းပြခန်းမှအပ အခြားနေရာတွေမှာ ပြသထားခြင်း ဆောင်ရွက်မယ်ဆိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှာ သီးခြားခွင့်ပြုချက်ရယူပြီး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

**ဒေါ်ခိုင်ဇာခြည်လင်း (ဒုတိယညွှန်ကြားရေးမှူး၊ ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးနှင့် ဆယ်သွယ်ရေးဝန်ကြီးဌာန)**

ရန်ကုန်လိုင်စင်ရယူချင်တယ်ဆိုရင်တော့ ကန့်သတ်ချက်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ခွင့်ပြုနိုင်မှုအပေါ်မူတည်ပြီး တစ်နှစ်မှာ လျှပ်စစ်သုံးမော်တော်ယာဉ်စီးရေ စုစုပေါင်း (၁၀၀၀၀) ခန့်သာ ရန်ကုန်လိုင်စင်နဲ့ မှတ်ပုံတင်ခွင့်ပြုသွားမှာဖြစ်ပါတယ်။ ရန်ကုန်နံပါတ်နဲ့ မှတ်ပုံတင်ချင်တယ်ဆိုရင် ယာဉ်ဟောင်း အပ်နှံစလစ်(ပုံစံ– ဃ) တင်ပြဖို့ လိုအပ်ပါတယ်။ အခု ၂၀၂၃ ခုနှစ် Pilot Projet ကာလမှာ EV Taxi ယာဉ်တွေကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော် သုံးနေရာမှာ စီးရေခွဲပြီး မှတ်ပုံတင်ခွင့်ပြုထားပါတယ်။ ဒီ EV Taxi ယာဉ်တွေအနက် ရန်ကုန်မြို့အတွင်းမှာ Taxi ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ဖို့ တင်သွင်းခွင့်ပြုထားတဲ့ EV Taxi ယာဉ်တွေကိုတော့ (ပုံစံ–ဃ) စလစ်မလိုအပ်ဘဲ ရန်ကုန်လိုင်စင် ခွင့်ပြုထုတ်ပေးသွားမှာ ဖြစ်ပါတယ်။

အခြား မန္တလေး၊ နေပြည်တော်တို့မှာ Taxi ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်မယ့် EV Taxi တွေကတော့ သက်ဆိုင်ရာ မန္တလေး၊ နေပြည်တော် နံပါတ်တွေနဲ့သာ မှတ်ပုံတင်ခွင့်ရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကုမ္ပဏီတွေက ပြန်လည်ရောင်းချဖို့ တင်သွင်းလာတဲ့ Taxi ယာဉ်တွေအနက် ရန်ကုန်လိုင်စင်လိုချင်တယ်ဆိုရင် "ဃ" စလစ်လိုအပ်မှာ ဖြစ်ပါတယ်။ ထို့အတူကျန် EV Taxi ၊ EV ကိုယ်ပိုင် လူစီးယာဉ်တွေ၊ EV ခရီးသည်တင်ယာဉ်တွေနဲ့ EV Delivery ယာဉ်တွေ အားလုံးအတွက်လည်း(ပုံစံ–ဃ) စလစ်တင်ပြမှသာ ရန်ကုန်လိုင်စင် ခွင့်ပြုသွားမှာဖြစ်ပါတယ်။

ရန်ကုန်မြို့တွင်း ယာဉ်ကြောပိတ်ဆို့မှုလျော့နည်းစေရေးနဲ့ အတည်ပြုထုတ်ပြန်ပြီးဖြစ်တဲ့ လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒပါ ၂၀၅၀ ပြည့်နှစ်မှာ လျှပ်စစ်သုံးယာဉ် အသုံးပြုမှု ၁၀၀ ရာခိုင်နှုန်းဖြစ်စေရေး မျှော်မှန်းချက်အရ လောင်စာဆီသုံး ယာဉ်တစ်စီးအပ်နှံပြီး ရန်ကုန်လိုင်စင် EV ယာဉ်တစ်စီး အစားထိုးမှတ်ပုံတင်ပေးမှသာ မျှော်မှန်းချက်အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် ရန်ကုန်တိုင်းဒေသကြီးလိုင်စင်နဲ့ မှတ်ပုံတင်မယ့် မော်တော်ယာဉ်တွေ (ပုံစံ–ဃ) စလစ်တင်ပြဖို့ လိုအပ်တာကလည်း အရင် ၂၀၁၈ ခုနှစ်ကတည်းက ကျင့်သုံးခဲ့တဲ့ လုပ်ငန်းစဉ်အတိုင်းပဲ မပြောင်းမလဲ ဆက်လက်ကျင့်သုံး ဆောင်ရွက်နေခြင်းကြောင့် ဖြစ်ပါတယ်။

လျှပ်စစ်သုံးယာဉ်တွေကို ပဲခူးလိပ်စာနဲ့ မှတ်ပုံတင်ဆောင်ရွက်မယ်ဆိုရင် ယာဉ်အိုယာဉ်ဟောင်း အပ်နှံစလစ်(ပုံစံ–ဃ) တင်ပြရန် မလိုအပ်ပေမယ့် အမည်၊ နေရပ်လိပ်စာ မှန်ကန်စေရေးအတွက် ပဲခူးမှာ အမှန်တကယ်နေထိုင်ခြင်းရှိမှသာ ပဲခူးလိုင်စင် ခွင့်ပြုထုတ်ပေးသွားမှာ ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အမှန်တကယ် နေထိုင်သူတွေအနေနဲ့ EV ယာဉ်တွေကို စလစ်(ပုံစံ–ဃ) မတင်ပြဘဲ အမှန်တကယ်နေထိုင်တဲ့ လိပ်စာနဲ့ မှတ်ပုံတင်ဆောင်ရွက်မယ်ဆိုရင် ရန်ကုန်တိုင်းဒေသကြီးမှတ်ပုံတင်ရုံးတွေနဲ့ ပဲခူးတိုင်းဒေသကြီးမှအပ ပိုင်ရှင်ဆန္ဒပြုတဲ့ မှတ်ပုံတင်ရုံးမှာ အထောက်အထားတောင်းခံခြင်း မပြုဘဲ မှတ်ပုံတင်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။




နေပြည်တော်ရှိ Sinma Living Mall ၌ လျှပ်စစ်သုံးယာဉ်များကို ပြသထားစဉ်။

---

**မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက် မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်း ဖြစ်စဉ်များ ဖြစ်ပေါ်နိုင်**

နေပြည်တော် ဧပြီ ၂၈

တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ စတင်ဖြစ်ပေါ်လျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

*အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ ဂုဏ်ပြုဆောင်းပါး*

# အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားသုံးပွင့်ဆိုင်ယန္တရား ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာအားကောင်းလျက်ရှိ

မြန်မာနိုင်ငံသည် ILO အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် အတည်ပြုပါဝင်ထားသော အသင်းအဖွဲ့များ လွတ်လပ်စွာဖွဲ့စည်းခွင့်နှင့် စည်းရုံးခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် (၈၇) ကို ILO နှင့် ပူးပေါင်း၍ အပြည့်အဝလိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အလုပ်ရှင်နှင့် အလုပ်သမားများအကြား၊ အလုပ်သမားအချင်းချင်းအကြား အလုပ်သမားရေးရာကိစ္စရပ်များ ဖြေရှင်းဆောင်ရွက်ရာတွင် အလုပ်သမားများအား ကိုယ်စားပြု၍ လွတ်လပ်စွာ ဆွေးနွေးဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၁ ခုနှစ် အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့်အညီ အခြေခံအလုပ်သမားအဖွဲ့အစည်း ၂၈၂၄ ဖွဲ့၊ မြို့နယ်အလုပ်သမားအဖွဲ့အစည်း ၁၅၆ ဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ် အလုပ်သမားအဖွဲ့အစည်း ၂၅ ဖွဲ့၊ အလုပ်သမားအဖွဲ့ချုပ် ကိုးဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ တစ်ဖွဲ့၊ အခြေခံအလုပ်ရှင်အဖွဲ့အစည်း ၂၆ ဖွဲ့၊ မြို့နယ်အလုပ်ရှင်အဖွဲ့အစည်း တစ်ဖွဲ့နှင့် အလုပ်ရှင်အဖွဲ့ချုပ် တစ်ဖွဲ့ စုစုပေါင်း ၃၀၄၃ ဖွဲ့တို့ကို အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများအဖြစ် အသိအမှတ်ပြုလက်မှတ်များထုတ်ပေးခဲ့ပြီး ၎င်းအဖွဲ့အစည်းများအား ကိုယ်စားပြုသည့် အလုပ်သမားများအနေဖြင့် အလုပ်သမားရေးရာကိစ္စရပ်များတွင် အစိုးရကိုယ်စားလှယ်များ၊ အလုပ်ရှင်ကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။




ထိုင်းနိုင်ငံဘက်သို့ MoU စနစ်ဖြင့် သွားရောက်လုပ်ကိုင်မည့် မြန်မာအလုပ်သမားများကို တွေ့ရစဉ်။

> **“ အလုပ်သမားများ၏ ရပိုင်ခွင့်များကို မျှတမှန်ကန်စွာနှင့် မြန်ဆန်စွာ ရရှိခံစားနိုင်စေရန် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနအဆင့်တွင် အလုပ်ရှင်နှင့်အလုပ်သမား နှစ်ဦးနှစ်ဖက် လွတ်လပ်စွာညှိနှိုင်း ဆောင်ရွက်နိုင်ရေးအတွက် အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေး ကော်မတီ(WCC)များ ဖွဲ့စည်း၍ ဖြေရှင်းဆောင်ရွက်လျက်ရှိ ”**

### အငြင်းပွားမှုဖြေရှင်းရေးယန္တရား

၂၀၁၂ ခုနှစ် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေနှင့်အညီ အလုပ်ရှင်၊ အလုပ်သမားများအကြား ဖြစ်ပွားသော အငြင်းပွားမှုများကို တရားမျှတစွာ ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် အလုပ်သမားများ၏ ရပိုင်ခွင့်များကို မျှတမှန်ကန်စွာနှင့်မြန်ဆန်စွာ ရရှိခံစားနိုင်စေရန် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနအဆင့်တွင် အလုပ်ရှင်နှင့်အလုပ်သမား နှစ်ဦးနှစ်ဖက် လွတ်လပ်စွာညှိနှိုင်း ဆောင်ရွက်နိုင်ရေးအတွက် အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC)များ ဖွဲ့စည်း၍ ဖြေရှင်းဆောင်ရွက်လျက်ရှိပြီး နှစ်ဦးနှစ်ဖက် ပြေလည်မှုမရရှိသော အလုပ်သမားရေးရာကိစ္စရပ်များကို အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားသုံးပွင့်ဆိုင် ကိုယ်စားလှယ်များ ပူးပေါင်းပါဝင်ဖွဲ့စည်းထားသည့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ၃၂၅ ဖွဲ့၊ ခုံသမာဓိအဖွဲ့ ၁၅ ဖွဲ့နှင့် ခုံသမာဓိကောင်စီတို့မှ အဆင့်ဆင့် ညှိနှိုင်းဖျန်ဖြေဆုံးဖြတ်ပေးလျက်ရှိသည်။ အငြင်းပွားမှု ဖြေရှင်းရေးယန္တရားတွင် အလုပ်ရှင်နှင့် အလုပ်သမား အငြင်းပွားမှုများကို ဥပဒေနှင့်အညီ ထိရောက်စွာဖြေရှင်းနိုင်မည့်နည်းလမ်းများနှင့် ရလဒ်ကောင်းများ ရရှိ လာစေရန် ရည်ရွယ်၍ အလုပ်သမားရေးရာ အငြင်း ပွားမှုဖြေရှင်းရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲများကို ရန်ကုန်မြို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၌လည်းကောင်း၊ မန္တလေးမြို့ မြို့တော်ခန်းမ၌လည်းကောင်း အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ကိုယ်စားလှယ်များဖြင့် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ နှီးနှောဖလှယ်ပွဲများ၌ ခုံသမာဓိကောင်စီ၊ ခုံသမာဓိအဖွဲ့ဝင်များနှင့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင်များဖြစ်သော အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ကိုယ်စားလှယ်များအနေဖြင့် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေနှင့်အညီ အငြင်းပွားမှုများအား ညှိနှိုင်းဖျန်ဖြေစစ်ဆေးဆုံးဖြတ်ရာ၌ တွေ့ကြုံရသည့်အခက်အခဲများ၊ စိန်ခေါ်မှုများ၊ အားသာချက်၊ အားနည်းချက်များ၊ ဥပဒေနှင့်အညီ ဖြေရှင်းပေးနိုင်မှုများ၊ အခွင့်အရေးဆိုင်ရာနှင့် အကျိုးစီးပွားဆိုင်ရာ တောင်းဆိုမှုများ ရောထွေးလျက်ရှိသော အငြင်းပွားမှုများအပေါ် ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို သုံးပွင့်ဆိုင် ညှိနှိုင်းဆွေးနွေးဖလှယ်ခဲ့ကြပါသည်။ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် အငြင်းပွားမှုဖြေရှင်းရေးလုပ်ငန်းစဉ်များအတွက် ထွက်ပေါ်လာခဲ့သည့် ရလဒ်ကောင်းများအရ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့ဝင်များဖြစ်ကြသည့် အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမား သုံးပွင့်ဆိုင်မိတ်ဖက်များ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးဆွေးနွေးပွဲများကို ကျင်းပပြုလုပ်ပေးနိုင်ခဲ့သည်။

### လုပ်ငန်းခွင်အေးချမ်းသာယာရေး

ဝန်ကြီးဌာနအနေဖြင့် စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းဌာနများတွင် လုပ်ငန်းခွင်အေးချမ်းသာယာရေးအတွက် သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှု၏ အရေးပါမှုကို အလေးထား ဆောင်ရွက်လျက်ရှိရာ ကိုဗစ် ၁၉ ကပ်ရောဂါ ကူးစက်မှုကာလအတွင်း စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ အလုပ်သမားများအား ကိုဗစ် ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေး၊ စက်မှုဇုန်အတွင်းရှိ ကိုဗစ်-၁၉ အတည်ပြုလူနာများနှင့် အရေးကြီးလူနာများအတွက် ဆေးဝါးဝယ်ယူရေးကိစ္စများ အဆင်ပြေစေရေး၊ လူမှုဖူလုံရေးအဖွဲ့ပိုင်ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ဆေးကုသမှုခံယူရေး၊ အောက်ဆီဂျင်ပြတ်လပ်မှုမရှိစေရေး၊ လူမှုဖူလုံရေးအကျိုးခံစားခွင့်များ အပြည့်အဝရရှိခံစားနိုင်ရေးတို့ကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ကိုဗစ် ၁၉ ကပ်ရောဂါ၏ အကျိုးဆက်ကြောင့် ကမ္ဘာတစ်ဝန်းတွင် စီးပွားရေးထိခိုက်မှုများ ဖြစ်ပွားခဲ့ရပြီး မြန်မာနိုင်ငံတွင်လည်း စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများရှိ အလုပ်သမားများ၏ လူမှုစီးပွားဘဝများအပေါ် ရိုက်ခတ်မှုများ၊ အလုပ်အကိုင်ဆုံးရှုံးမှုများ ရှိလာပါသည်။ အလုပ်အကိုင်ဆုံးရှုံးခဲ့ရသော အလုပ်သမားများနှင့် အလုပ်ရှာဖွေနေသူများအနေဖြင့် ကိုဗစ် ၁၉ ကပ်ရောဂါ လျော့ပါးသက်သာလာချိန်တွင် ပြန်လည်ဖွင့်လှစ်သည့် စက်ရုံများ၊ အသစ်ထပ်မံဖွင့်လှစ်မည့် စက်ရုံများတွင် ပေါ်ပေါက်လာသည့် အလုပ်အကိုင် အခွင့်အလမ်းများရရှိနိုင်ရေး၊ အလုပ်အကိုင် လိုအပ်ချက်နှင့်အညီ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်သမားများအနေဖြင့် ဥပဒေနှင့်အညီ အလုပ်သမားအခွင့်အရေးများ ခံစားရရှိနိုင်ရန် တာဝန်ရှိသူအဆင့်ဆင့်မှ အမြန်ဆုံးဖြေရှင်းဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ အလုပ်ရှင်နှင့် အလုပ်သမားတို့ကြား ရပိုင်ခွင့်နှင့်တာဝန်များကို ရှင်းလင်း စွာသိရှိစေရေးအတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်များ ချုပ်ဆိုဆောင်ရွက်ရေး၊ လျှပ်စစ်မီးပြတ်တောက်မှုများကြောင့် အလုပ်ရှင်နှင့်အလုပ်သမားများ တွေ့ကြုံရင်ဆိုင်နေရသော အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ရေး စသည့်ကိစ္စရပ်များကို အစိုးရ၊ အလုပ်ရှင်နှင့်အလုပ်သမား သုံးပွင့်ဆိုင် ညှိနှိုင်းဆွေးနွေးဖြေရှင်း ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် စက်ရုံ၊ အလုပ်ရုံများ ပိတ်သိမ်းမှုကြောင့် အချို့သော အလုပ်သမားအဖွဲ့အစည်းများ၏ ဆက်လက် ရပ်တည်နိုင်မှု၊ သုံးပွင့်ဆိုင်ဆွေးနွေးမှုများတွင် အလုပ်သမားအဖွဲ့အစည်းများ၏ ကိုယ်စားပြုမှုများ ပြန်လည်အားကောင်းလာစေရန်အတွက် အစိုးရက ဦးဆောင်၍ အလုပ်သမားအဖွဲ့အစည်းများနှင့် အလုပ်ရှင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိသည်။

### အကျိုးခံစားခွင့်များ

ထို့ပြင် အလုပ်သမားများ၏ လူမှုစီးပွားဘဝများအပေါ် ရိုက်ခတ်မှုများကြောင့် ဝင်ငွေဆုံးရှုံးမှုများရှိခဲ့ရာ လူမှုဖူလုံရေးထည့်ဝင်ကြေးများကို သက်ဆိုင်ရာလကုန်ဆုံးပြီး သုံးလထက် နောက်မကျစေဘဲ ပေးသွင်းခြင်းအစား ၂၀၂၁ ခုနှစ် မေလမှစ၍ သက်ဆိုင်ရာလကုန်ဆုံးပြီး ခြောက်လထက် နောက်မကျစေဘဲ ပေးသွင်းခြင်းအပေါ် ပျက်ကွက်ကြေးများကို ကင်းလွတ်ခွင့်ပြုသည့် အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်း၊ ကိုဗစ်ကာလအတွင်း အလုပ်လက်မဲ့ဖြစ်သွားသည့် အာမခံအလုပ်သမားများအတွက် တစ်နှစ်အထိ ဆေးကုသမှုခံယူခွင့်နှင့် ဆေးဖိုးခရီးစရိတ်များ ခွင့်ပြုခြင်း၊ လူမှုဖူလုံရေးအကျိုးခံစားခွင့်များ အပြည့်အဝရရှိခံစားနိုင်ရေးတို့ကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရက အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသော NUG နှင့် CRPH အဖွဲ့များကို ထောက်ခံအားပေးမှုပြုနေသည့် အဖွဲ့အစည်းအချို့က အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမား သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများအပေါ် အပြုသဘောမဆောင်သော မဟုတ်မမှန်သည့် သတင်းအချက်အလက်များ ဖြန့်ဝေလှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်၍ အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားသုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုများကို ပြိုကွဲစေခြင်းဖြင့် အစိုးရယန္တရားပျက်ပြားစေရန် ရည်ရွယ်လုပ်ဆောင်လျက်ရှိသည်။

သို့ဖြစ်၍ ပကတိအခြေအနေတွင် အလုပ်သမားများ၏ အကျိုးစီးပွားကို လိုလားသောအလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက အစိုးရနှင့် အလုပ်ရှင် ကိုယ်စားလှယ်များနှင့် သုံးပွင့်ဆိုင်ပူးပေါင်း၍ အလုပ်သမားရေးရာကိစ္စရပ်များကို တက်ညီလက်ညီဆောင်ရွက်နေမှုအပေါ် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုများကို မလိုလားသောအဖွဲ့အစည်းများက အပြုသဘောမဆောင်သည့် ထုတ်ပြန်ချက်များ မည်သို့ထုတ်ပြန်နေသည်ဖြစ်စေ သုံးပွင့်ဆိုင်ယန္တရား ပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၂၀၂၃ ခုနှစ် မေ ၁ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့အား ဂြိုဆိုဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

**လုပ်သားမောင်**

> **❖ အလုပ်သမားအဖွဲ့အစည်းများ၏ ကိုယ်စားပြုမှုများ ပြန်လည်အားကောင်းလာစေရန်အတွက် အစိုးရက ဦးဆောင်၍ အလုပ်သမားအဖွဲ့အစည်းများနှင့် အလုပ်ရှင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိ**

# လူမှန်၊ နေရာမှန် ဆောင်ရွက်ခြင်းဖြင့် အဂတိလိုက်စားမှုကို တိုက်ဖျက်ကြပါစို့

**ကမ္ဘာ့နိုင်ငံအသီးသီးတွင် အဂတိလိုက်စားမှုသည် ပုံစံအမျိုးမျိုး၊ နည်းလမ်းအမျိုးမျိုးဖြင့် ဖြစ်ပွားလျက် ရှိသည်။ အဂတိလိုက်စားမှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည်လည်း နိုင်ငံ၊ ဒေသနှင့် နယ်ပယ်အလိုက် လုပ်ဆောင်ချက်နှင့် ယူဆချက်အပေါ်မူတည်၍ အဓိပ္ပာယ် အမျိုးမျိုး ဖွင့်ဆိုကြသည်။**

မွှေး(MA. Corruption and Governance, UK)

နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး ကဏ္ဍအသီးသီး တို့တွင် နယ်ပယ်အလိုက် အဂတိလိုက်စားမှု ပုံစံအမျိုးမျိုးရှိပြီး လုပ်ပိုင်ခွင့် အာဏာရှိသူအဆင့်တွင် ဖြစ်ပွားသော အဂတိလိုက်စားမှုတွင် အကြီးစားအဂတိလိုက်စားမှု၊ နေ့စဉ် အုပ်ချုပ်ရေးလုပ်ငန်းများတွင် ဖြစ်ပွားလေ့ရှိပြီး ပမာဏအနည်းငယ်သော တံစိုးလက်ဆောင်နှင့် ငွေကြေးပေးခြင်း/ယူခြင်း ကိစ္စရပ်အတွက် အသေးစား အဂတိလိုက်စားမှုဟူ၍ သတ်မှတ်ကြသည်။ အဂတိ လိုက်စားမှုနှင့် စပ်လျဉ်း၍ အများပြည်သူက လာဘ်ပေးခြင်း၊ ငွေကြေး သို့မဟုတ် တံစိုးလက်ဆောင် ပေးခြင်းဟုသာ နားလည်ကြသည်။

ထိုသို့အဂတိလိုက်စားမှုပုံစံအမျိုးမျိုး ရှိသည့်အနက် အများပြည်သူသာမက အုပ်ချုပ်ရေးယန္တရား၌ တာဝန်ထမ်းဆောင်နေသူတချို့က သတိမမူမိသော၊ အဂတိလိုက်စားမှုဟု မယူဆမိသော အဂတိလိုက်စားမှုပုံစံတစ်မျိုး ရှိသေးသည်။ ယင်းမှာ အလုပ်တာဝန်များကို လူမှန်၊ နေရာမှန် တာဝန်ပေးခြင်းမရှိဘဲ မိမိအကျိုးကိုရှေးရှုပြီး “မျက်နှာသာပေး ဘက်လိုက်သည့်” တာဝန်ပေးမှုမျိုး ဖြစ်သည်။ ၎င်းအခြေအနေမျိုးတွင် အဂတိလိုက်စားမှုကျူးလွန်သူနှင့် ပါဝင်ပတ်သက်သူများကိုယ်တိုင်ပင် သတိမမူမိလောက်အောင်ပင် သိမ်မွေ့လှသည်။ ၎င်းကဲ့သို့သော အဂတိလိုက်စားမှုသည် မည်သည့်သတင်းစာ၊ စာစောင်များတွင်မှ အဂတိလိုက်စားသည့် ဖြစ်မှုသတင်းအဖြစ် ကျူးလွန်သူတရားခံများကို ဖမ်းဆီးအရေးယူချပြနိုင်သည်အထိ မျက်ဝါးထင်ထင် လက်ဆုပ်လက်ကိုင်ပြရန် ခက်ခဲသော်လည်း တိုင်းပြည်၏ အုပ်ချုပ်ရေး၊ နိုင်ငံရေးဆိုင်ရာယဉ်ကျေးမှုကို ယိုင်နဲ့ပျက်စီးစေသည်။

> **အဂတိလိုက်စားမှုပုံစံအမျိုးမျိုးရှိသည့်အနက် အများပြည်သူသာမက အုပ်ချုပ်ရေးယန္တရား၌ တာဝန်ထမ်းဆောင်နေသူတချို့က သတိမမူမိသော၊ အဂတိလိုက်စားမှုဟု မယူဆမိသော အဂတိလိုက်စားမှု ပုံစံတစ်မျိုး ရှိသေးသည်။ ယင်းမှာ အလုပ်တာဝန်များကို လူမှန် နေရာမှန် တာဝန်ပေးခြင်းမရှိဘဲ မိမိအကျိုးကိုရှေးရှုပြီး “မျက်နှာသာပေးဘက်လိုက်သည့်” တာဝန်ပေးမှုမျိုး ဖြစ်သည်**

### ကိုယ်ကျိုးစီးပွားအတွက် မျက်နှာသာပေး ဘက်လိုက်ခြင်း

မျက်နှာသာပေးဘက်လိုက်ခြင်း ပုံစံဖြင့် ကျူးလွန်သည့် အဂတိလိုက်စားမှုသည် Favor ဟူသော လက်တင်ဘာသာစကားမှ ဆင်းသက်လာပြီး အမှန်ကို မစူးစမ်းဘဲ ဆန္ဒာဂတိဖြင့် မျက်စိမှိတ်၍ မိမိနှင့် ချစ်ခင်အဆင်ပြေသူ၏ ဆန္ဒအတိုင်းဘက်လိုက်ခြင်း (Favouritism) ဟူသော အဓိပ္ပာယ်ရသည်။ ဤအဂတိလိုက်စားမှုမျိုးတွင် လူယုံမွေးခြင်း (Patronage) သည်လည်း ပုံစံတစ်မျိုးဖြင့် ကျူးလွန်သည့် အဂတိလိုက်စားမှုဖြစ်ပြီး ၎င်းအဂတိလိုက်စားမှုကို ကမ္ဘာ့နိုင်ငံအသီးသီးရှိ အစိုးရယန္တရားနှင့် နိုင်ငံရေးလောကတွင် အတွေ့ရများသည်ဟု ပညာရှင်များက ထောက်ပြကြသည်။ ကိုယ်ကျိုးအတွက် မျက်နှာသာပေး ဘက်လိုက်ခြင်းပုံစံ အဂတိလိုက်စားမှုသည် သမားရိုးကျ မြင်သာထင်သာရှိသော အကြီးစားအဂတိလိုက်စားမှုနှင့် အသေးစားအဂတိလိုက်စားမှုများကဲ့သို့ မဟုတ်ဘဲ ညင်သာစွာဖြင့် အုပ်ချုပ်မှုယန္တရားအသီးသီးတွင် အမြစ်တွယ်လေ့ရှိပြီး အစိုးရအုပ်ချုပ်ရေးပိုင်းတွင် ဖြစ်ပွားသည့် အဂတိလိုက်စားမှု (Bureaucratic Corruption) ပုံစံခွဲတစ်မျိုးဟု သတ်မှတ်ကြသည်။ ဤပုံစံ အဂတိလိုက်စားမှု အပေါ် ပညာရှင်များက လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာရှုထောင့်၊ စီးပွားရေးဆိုင်ရာရှုထောင့်နှင့် နိုင်ငံရေးဆိုင်ရာ ရှုထောင့်များမှ ဖော်ပြရေးသားကြသည်။

### လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ရှုထောင့်

ဖော်ပြပါပုံစံဖြင့် အဂတိလိုက်စားမှုသည်အစိုးရဌာနဆိုင်ရာအဂတိလိုက်စားမှု (Bureaucratic Corruption)ကို ဖြစ်ပွားစေသော အဓိက နှင်တံဖြစ်သည်ဟု ထောက်ပြကြသည်။ အစိုးရဌာနများတွင် အဆိုပါမျက်နှာသာပေး၊ ဘက်လိုက်ခြင်းပြဿနာများ နက်ရှိုင်းစွာအမြစ်တွယ်လာပါက ဝန်ထမ်းများ၏ စွမ်းဆောင်ရည်၊ စိတ်အားထက်သန်မှုများ ကျဆင်းသွားမည် ဖြစ်သည်။ စွမ်းဆောင်ရည်မြင့်မားသော အလားအလာရှိသော ဝန်ထမ်းကောင်းများသည် အဖွဲ့အစည်းကို စွန့်ခွာသွားခြင်း၊ ၎င်းတို့၏ အရည်အချင်းများကို အဖွဲ့အစည်း တိုးတက်ရေးအတွက် အသုံးမပြုတော့ဘဲ မျက်နှာသာရစေရေးအတွက်သာ အသုံးချခြင်းတို့ကြောင့် အဖွဲ့အစည်းစိတ်ဓာတ်နှင့် အဖွဲ့အစည်းဆိုင်ရာ ယဉ်ကျေးမှု (Organizational Culture) ပျက်ပြားသွားမည်ဖြစ်သည်။ ဝန်ထမ်းများအကြားတွင် မျက်နှာသာပေးခြင်း၊ လူယုံမွေးခြင်းကြောင့် မှန်ကန်သည့်ယှဉ်ပြိုင်မှုများ မရှိတော့ပါ။ အရေးကြီးသည့် ရာထူးနေရာ၊ တာဝန်များတွင် မျက်နှာသာရထားသည့် လူယုံများသာကြီးစိုးလျှင် မှားယွင်းသည့် စီမံခန့်ခွဲမှုများ၊ လူသားအရင်းအမြစ်ဆုံးရှုံးမှုများ ဖြစ်ပေါ်လာနိုင်သည်။

### စီးပွားရေးရှုထောင့်

စီးပွားရေးရှုထောင့်အမြင်အရ မိမိနှင့်အဆင်ပြေသော စီးပွားရေးလုပ်ငန်းရှင်များကို တင်ဒါလုပ်ငန်းများပေးခြင်း၊ လုပ်ပိုင်ခွင့်များပေးခြင်းကြောင့် မှန်ကန်သည့် ယှဉ်ပြိုင်မှုမရှိတော့ဘဲ တစ်ဦးတည်း သို့မဟုတ် တစ်အုပ်စုတည်းက လက်ဝါးကြီးအုပ် လုပ်ကိုင်ခြင်းများ ဖြစ်ပေါ်လာသည်။ အကျိုးဆက်အနေဖြင့် စွန့်ဦးတီထွင် လုပ်ငန်းငယ်ကလေးများက ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ခြင်း မရှိတော့ခြင်း၊ လုပ်ငန်းတစ်ခုလုံးကို စီးပွားရေးသမားတစ်ဦး သို့မဟုတ် တစ်ဖွဲ့ကသာ နေရာယူထားသောကြောင့် ဈေးကွက်စီးပွားရေးစနစ် ပုံပျက်ကာ စားသုံးသူပြည်သူလူထုက ဈေးကစားသည့်ဒဏ်ကို ခံရခြင်း စသည့်အကျိုးဆက်ပြဿနာများ ကြုံတွေ့ရသည်။

### နိုင်ငံရေးရှုထောင့်

နိုင်ငံရေးဆိုင်ရာ လူယုံမွေးမှုသည် ကမ္ဘာ့နိုင်ငံအများစုတွင် ခေတ်အဆက်ဆက်မှ ယနေ့တိုင် ဖြစ်ပွားနေသော အဂတိလိုက်စားမှုဖြစ်သည်။ ၎င်းအဂတိလိုက်စားမှုတွင် မိမိပါတီအောင်နိုင်ရေးအတွက် အထောက်အပံ့ကောင်းပေးနိုင်မည့် ပုဂ္ဂိုလ်များအား အစိုးရနေရာရာထူးကြီးများတွင် ပေးခြင်း၊ ငွေကြေးနှင့် မဲဆွယ်စည်းရုံးနိုင်ရေးအတွက် သူဌေးသူကြွယ်များကို လုပ်ပိုင်ခွင့်ပေး၍ လူယုံမွေးခြင်းတို့ ပါဝင်သည်။ လက်သပ်မွေးထားသည့် လူယုံများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော အတွင်းအကျဆုံး လူယုံလူတန်းစားအဖွဲ့အစည်း(Ultra Elite Network) ဖြင့် အုပ်ချုပ်ခြင်းကြောင့် အုပ်ချုပ်သူလူနည်းစု၏ အကောင်အထည်ဖော်လိုသော မူဝါဒမှာ ပြင်ပလက်တွေ့အခြေအနေများနှင့် ကိုက်ညီမှုမရှိခြင်း၊ ခေတ်၏ကြေးမုံပြင်ကို မထင်ဟပ်နိုင်ခြင်း၊ အမှန်တကယ်အရှိတရားကို မျက်ကွယ်ပြုသည့် ပြဿနာဖြစ်ပေါ်လာခြင်းစသည့် မလိုလားအပ်သော အကျိုးဆက်တို့ကို အုပ်ချုပ်ခံလူတန်းစားတစ်ရပ်လုံးက ခံစားရသည်။

### နိုင်ငံတကာမှသင်ခန်းစာများ

လူမှန်၊ နေရာမှန် ဆောင်ရွက်ခြင်း မရှိဘဲ လူယုံကိုသာမျက်နှာသာပေးသည့် အဂတိလိုက်စားမှုကို ယခင်ကနိုင်ငံအများစု၏ ဥပဒေထဲတွင် တိတိကျကျ ပုဒ်မတစ်ခုဖြင့် ပြဋ္ဌာန်းသတ်မှတ်ပြီး အရေးယူခြင်း မရှိခဲ့ပါ။ သို့သော် ၂၀၁၀ တွင် ပြန်လည်ဖြည့်စွက် အတည်ပြုခဲ့သော ပါလက်စတိုင်းနိုင်ငံ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေတွင် မျက်နှာသာပေး ဘက်လိုက်ခြင်းကို အဂတိအမှုဖြင့် သတ်မှတ်ပြီး ကျူးလွန်သူအား ထောင်ဒဏ်သုံးနှစ်မှ ဆယ်နှစ်အထိ ကျခံစေရန် သတ်မှတ်ခဲ့ပါသည်။ တောင်ကိုရီးယားသမိုင်းတွင် ရွေးကောက်ခံသမ္မတတစ်ဦးအနေဖြင့် ပထမဆုံး ဖယ်ရှားခံရသူ အမျိုးသမီးသမ္မတဟောင်း မစ္စပတ်ဂွန်းဟေး (၂၀၁၃ -၂၀၁၇) သည် သူမကျူးလွန်သည့် အဂတိလိုက်စားမှုများတွင် အဓိကကျသည့် အားပေးပံ့ပိုးသောသူတစ်ဦးမှာ သူမ၏ လူယုံ၊ အရင်းနှီးဆုံးသူငယ်ချင်းဖြစ်သူ Ms. Choi Soon -Sil ဖြစ်ပြီး နိုင်ငံရေး၊ မဲဆွယ်စည်းရုံးရေးနှင့် စီးပွားရေးကိစ္စများတွင် ပါဝင်ပတ်သက်နေသောကြောင့် ၎င်းအမျိုးသမီးမှာ ထောင်ဒဏ် ၁၈ နှစ် ပြစ်ဒဏ်ချမှတ်ခံရသည်။ အင်ဒိုနီးရှားနိုင်ငံ၏ သမ္မတဟောင်းတစ်ဦးဖြစ်သူ မစ္စတာဆူဟာတို (၁၉၆၇ – ၁၉၉၈) သည် သူ၏သမ္မတသက်တမ်း ၁၈ ကျော်ကာလအတွင်း အဂတိလိုက်စားမှု ပေါင်းများစွာဖြင့် နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သူတစ်ဦး ဖြစ်သည်။ Transparency International က ၂၀၀၄ ခုနှစ်တွင် ထုတ်ပြန်သည့် ကမ္ဘာ့အဂတိလိုက်စားမှု အများဆုံးအုပ်ချုပ်သူစာရင်းတွင် မစ္စတာဆူဟာတိုသည် ထိပ်ဆုံးမှ ပါဝင်ခဲ့သည်။ သမ္မတဟောင်း မစ္စတာဆူဟာတို လက်ထက်တွင် အစိုးရအဖွဲ့အတွင်း လူယုံမွေးခြင်း၊ စီးပွားရေးသမားများနှင့် မလျော်ကန်သောဆက်နွယ်မှုများ ရှိခြင်း၊ မိမိ၏ ဆန္ဒသဘောထားကို အကောင်အထည်မဖော်ဘဲ မှန်ရာကို တင်ပြသည့် ပုဂ္ဂိုလ်များအား ဖယ်ထုတ်ခြင်း၊ မိမိ၏ လူယုံများသာ အုပ်ချုပ်ရေးတွင် ကြီးစိုးခြင်းကြောင့် နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးများ မငြိမ်မသက်ဖြစ်ကာ နောက်ဆုံးတွင် မစ္စတာဆူဟာတို ရာထူးမှ ဖယ်ရှားခံခဲ့ရသည်။

လူမှန်၊ နေရာမှန် ဆောင်ရွက်ခွင့် မပေးဘဲ လူယုံမွေးခြင်း၊ မိမိကိုယ်ကျိုးစီးပွားအတွက် ဆောင်ရွက်ပေးနေသူကိုသာ မျက်နှာသာပေးခြင်း စသည့်ပုံစံဖြင့် ကျူးလွန်သော အဂတိလိုက်စားမှု သည် မြင်တွေ့လွယ်သော ငွေကြေး၊ တံစိုး၊ လာဘ်လာဘများပေးသကဲ့သို့ လက်ဆုပ်လက်ကိုင် အလွယ်တကူပြရန် ခက်ခဲသော အဂတိအမှုကိစ္စဖြစ်သည်။ ၎င်းအဂတိအမှုတွင် ပါဝင်ပတ်သက်သူ (လူယုံ) သည်လည်း ပါးနပ်ညင်သာသကဲ့သို့၊ ကျူးလွန်သူ (လုပ်ပိုင်ခွင့်ရှိသူ) ကိုယ်တိုင်ပင် မိမိသည် လူယုံမွေးကိုယ်ကျိုးရှာနေသည် သို့မဟုတ် ဆရာမွေးခံရသည်ဟု မယူဆဘဲ မိမိအတွက်၊ မိမိအဖွဲ့အစည်းအတွက် သစ္စာရှိသူများ ဝန်းရံနေသည်ဟု အထင်မှားယွင်းပြီး ၎င်းတို့၏ ပြောဆိုကြံစည်သမျှကို လက်သင့်ခံကာ ပိုမိုကျယ်ပြန့်သော၊ ဘက်ပေါင်းစုံအခြေခံအကြောင်းတရားများကို မူတည်၍ သက်သေအခြေပြုမူဝါဒများ မချမှတ်နိုင်ခြင်း (Evidence-Based policy)၊ ကောင်းမွန်သော အုပ်ချုပ်မှုများကို မဆောင်ရွက်နိုင်ခြင်း စသည့် ဆိုးကျိုးများကို ဖြစ်ပွားစေတတ်သည်။ အဆုံးတွင် နိုင်ငံတော်နှင့် တိုင်းသူပြည်သား၏ အကျိုးစီးပွားကို ပျက်စီးစေရုံသာမက ကျူးလွန်သူ၏ ဖြောင့်မတ်တည်ကြည်မှု၊ ဂုဏ်သိက္ခာပါ ကျဆုံးစေခြင်းကြောင့် လူမှန်နေရာမှန် ဆောင်ရွက်ခြင်းမရှိဘဲ လူယုံကိုသာ မျက်နှာသာပေးသည့် အဂတိလိုက်စားမှုကို အလေးထားဂရုပြုသင့်ပါသည်။

### နိဂုံး

ထို့ကြောင့် မိမိအကျိုးအတွက် ဘက်လိုက်ဆက်ဆံခြင်းမှ အစပြုခဲ့သော ဆက်စပ်၊ ဆက်နွယ်ပြုမူမှုများသည် နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ တရားဥပဒေစိုးမိုးရေး အစရှိသည်တို့အား လွန်စွာ ထိခိုက်နစ်နာလှသည့် ဖြစ်ရပ်များသို့ ဦးတည်နေသည်ကို သတိချပ်စေအပ်ပါသည်။

လူအများက အဂတိလိုက်စားခြင်းကို လာဘ်စားခြင်းတစ်ခုတည်းကိုသာ အမြင်မှား၊ အသိမှား ဖြစ်နေတတ်သည်။ အမှန်အမြင်မှာ အဂတိလိုက်စားခြင်း ဆိုသည်ကို လာဘ်စားခြင်းတစ်ခုတည်းဟု သိမြင်နေခြင်းထက် ကျယ်ပြန့်နက်ရှိုင်းစွာသိနေရန် လိုအပ်လှသည်။ ဗုဒ္ဓမြတ်စွာဘုရားပင်လျှင် သင်္ဂါလုလင်ကို မဟာကရုဏာတော်မြတ်ဖြင့် ရှောင်ကြဉ်ရမည့် ကမ္မကိလေသတရားလေးပါးကို ပြည့္ဆာန်းတော်မူခဲ့ပြီး အဂတိတရားလေးပါးကို မလိုက်စားအပ်ကြောင်းဆုံးမတော်မူခဲ့သည်။ ၎င်းအဂတိ တရားလေးပါးသည် (၁) ဆန္ဒာဂတိ၊ (၂) ဒေါသာဂတိ၊ (၃) မောဟာဂတိ၊ (၄) ဘယာဂတိ တို့ပင် ဖြစ်သည်။

ဆန္ဒာဂတိမှာ ချစ်ခင်သဖြင့် မလိုက်သင့်သည့်ဘက်သို့ လိုက်ခြင်း၊ မပြုသင့်သည်ကိုပြုခြင်း၊ ဒေါသာဂတိမှာ စိတ်ဆိုးသဖြင့် မလိုက်သင့်သည့်ဘက်သို့ လိုက်ခြင်း၊ မပြုသင့်သည်ကိုပြုခြင်း၊ မောဟာဂတိမှာ ဆင်ခြင်တုံတရားမရှိဘဲ မိုက်မဲတွေဝေသဖြင့် မလိုက်သင့်သည့်ဘက်သို့ လိုက်ခြင်း၊ မပြုသင့်သည်ကို ပြုခြင်း၊ ဘယာဂတိမှာ ကြောက်ရွံ့သဖြင့် မလိုက်သင့်သည့် ဘက်သို့လိုက်ခြင်း၊ မပြုသင့်သည်ကို ပြုခြင်းတို့ကြောင့် အဂတိလိုက်စားမှုသည် ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးများနှင့် တရားမျှတမှုကို သွေဖည်ခြိမ်းခြောက်လျက်ရှိကြောင်း တွေ့နေရသည်။ လူ့အဖွဲ့အစည်းကိုလည်း မတည်မငြိမ်ဖြစ်စေလျက် တရားဥပဒေစိုးမိုးရေးကိုပါ အန္တရာယ်ပြုလျက်ရှိနေသည်။ အဂတိလိုက်စားမှုသည် ဓလေ့ထုံးတမ်းအစဉ်အလာ (Institution) နှင့် ဒီမိုကရေစီစံတန်ဖိုးများကို လှိုက်စားစေတတ်ပြီး ချည့်နဲ့အားနည်းပျက်သုဉ်းသွားစေတတ်သောသဘောလည်း ဖြစ်နေတတ်သည်။ သို့ဖြစ်၍ အဂတိလိုက်စားမှု၏ ဆိုးရွားသော ရိုက်ခတ်မှုများကို အပြင်းထန်ဆုံး ထိခိုက်ခံစားရသူများမှာ အခြေခံလူတန်းစား ပြည်သူများသာဖြစ်သဖြင့် အဂတိလိုက်စားမှုကို ပြည်သူတစ်ရပ်လုံးက တွန်းလှန်တားဆီးကြရမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။


**ရည်ညွှန်းကိုးကား -**

(1) Causes of Corruption in Indon-esia
(2) Public Appointment from patronage to Merits
(3) Patronage - driven Corruption undermining the fight against poverty
(4) Governance and Patronage
(5) Corruption in South Korea

# ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများဖြစ်သည့် “ဆီမီးတိုင်များ ကိုင်ဆောင်လှည့်လည်ပူဇော်ပွဲ”နှင့် “ဓမ္မပူဇာသဘင်ဆင်ယင်ကျင်းပပွဲ”များ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော်  မေ ၂၈**

ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာ အခမ်းအနားများကို ၂၀၂၂ ခုနှစ် မေလ ၃ ရက်နေ့ ညနေပိုင်းနှင့် ညပိုင်းတို့တွင် နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်း၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်သည်။

နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းတွင် ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာ အခမ်းအနားများကို စီစဉ်ကျင်းပသွားမည်ဖြစ်ရာ ညနေ ၆ နာရီ ၄၅ မိနစ်မှစတင်၍ ဆီမီးတိုင်များ ကိုင်ဆောင်လှည့်လည်ပူဇော်ပွဲနှင့် ည ၈ နာရီတွင် ကျင်းပမည့် ဓမ္မပူဇာသဘင်ဆင်ယင်ကျင်းပပွဲတို့ကို MRTV Farmers' Channel၊ MRTV Parliament Channel၊ MRTV Sports Channel၊ MWD EDUCATION , KNOWLEDGE & SPORTS Channel ၊ TVM Channel ၊ Channel LIGHT နှင့် WAF Channel တို့မှ တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်ပြီး MRTV – HD Channel မှ ဆီမီးတိုင်များ ကိုင်ဆောင်လှည့်လည်ပူဇော်ပွဲစတင်ချိန်မှ ည ၈ နာရီ သတင်းမတိုင်မီအထိ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ဓမ္မပူဇာသဘင်ဆင်ယင်ကျင်းပပွဲကို ည ၈ နာရီ သတင်းများအပြီး ည ၉ နာရီခန့်မှစ၍ ထုတ်လွှင့်သွားမည်ဖြစ်သည်။

ဓမ္မပူဇာသဘင်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ သန်လျင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသက ငါးပါးသီလချီးမြှင့်ပေးမည်ဖြစ်ပြီး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ၊ ရွှေကျင်သာသနာပိုင်ဖြစ်တော်မူသော အဘိဓဇမဟာရဋ္ဌဂုရု၊အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက သီတဂူဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရက တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးသွားမည်ဖြစ်သည်။

သတင်းစဉ်

# အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီးတွင် အလုပ်အကိုင်အခွင့်အလမ်းပြပွဲကျင်းပ

**နေပြည်တော်  မေ ၂၈**

**မေ ၁ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလုပ်သမားဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်တွင်းအလုပ်အကိုင်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ အလုပ်အကိုင်အခွင့်အလမ်းပြပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး မြို့တော်ခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းနှင့်အညီ ကျင်းပသည်။**



ဖွင့်ပွဲအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ပဲခူးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ပြပွဲတွင် ပါဝင်ပြသသည့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ပြည်တွင်းအလုပ်အကိုင်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၊ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။(**ယာပုံ**) ယင်းနောက် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီးက အလုပ်သမားဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၌ အရည်အချင်းပြည့်ဝသော လုပ်သားအင်အားထု ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရေးတို့အတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ (Job Fair) များကို အသင်းအဖွဲ့များ၊ ကုမ္ပဏီများ၊ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးအကျိုးဆောင်အေဂျင်စီများနှင့်ပူးပေါင်း၍ တိုင်းဒေသကြီး/ပြည်နယ်များတွင် အလုပ်အကိုင်အခွင့်အလမ်းပြပွဲများ ကျင်းပခဲ့ရာ မေ ၂၁ ရက်အထိ အကြိမ် (၇၂) ကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ အလုပ်လုပ်နိုင်သည့် အရွယ်ရောက်သူတိုင်း သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်ရရှိစေရေး ကျွမ်းကျင်လုပ်သားများအား ပြုစုပျိုးထောင်ပေးရန်အတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် Stake- holders များအားလုံးလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ (Job Fair) ကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အလုပ်လာရောက်လျှောက်ထားသူများနှင့် ပြပွဲတွင် ပါဝင်ပြသသော ကုမ္ပဏီများ၊ လုပ်ငန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ အလုပ်အကိုင်အခွင့်အလမ်းပြပွဲတွင် ကုမ္ပဏီ ၂၇ ခုနှင့် ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးအကျိုးဆောင်လိုင်စင်ရအေဂျင်စီ လေးခုတို့က ပြခန်းစုစုပေါင်း ၃၃ ခန်း ပါဝင်ပြသကြောင်း သိရသည်။

သတင်းစဉ်

❊ *ကျောဖုံးမှ*

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဥတ္တရသီရိလမ်းနှင့် ဇေယျာဌာနီလမ်းထောင့်ရှိ Sinma Living Mall ၌ EV Mall အဖြစ်ပြသလျက်ရှိသည်။



EV Mall တာဝန်ခံ
ကိုနောင်နောင်ဝင်း

အဆိုပါ Sinma Living Mall ရှိ EV Mall ၌ နိုင်ငံတကာထုတ် EV ယာဉ်အမျိုးအစားများအနက် ကုမ္ပဏီ ခုနစ်ခုမှ Brand ၁၁ မျိုး ကားအစီးရေ ၁၂ စီး ပြသထားပြီး လျှပ်စစ်သုံးယာဉ် အမျိုးအစားအသစ်များ ရောက်ရှိလာပါကလည်း ထပ်မံထည့်သွင်းပြသသွားမည်ဖြစ်ကြောင်း EV Mall တာဝန်ခံ ကိုနောင်နောင်ဝင်းက ပြောသည်။

“EV Mall ဆိုတာက နိုင်ငံတကာမှာ ရှိပြီးသားဖြစ်တဲ့ Auto Mall တွေလိုပဲ လျှပ်စစ်သုံး မော်တော်ယာဉ်တွေကို ပြည်သူတွေအနေနဲ့ တစ်နေရာထဲမှာ တစ်စုတစ်စည်းတည်း ကြည့်ရှုလေ့လာဝယ်ယူနိုင်ဖို့ အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီရဲ့လမ်းညွှန်ချက်နဲ့အတူ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ EV Mall မှာ လာရောက်ဝယ်ယူသူတွေကို One Stop Service အနေနဲ့ ကားဝယ်ယူချိန်ကနေစပြီး လက်ဝယ်အပ်နှံတဲ့အထိ ဆောင်ရွက်ပေးပါတယ်”ဟု ၎င်းက ပြောသည်။

လျှပ်စစ်သုံး ယာဉ်များ၏ ကနဦးရင်းနှီးမြှုပ်နှံမှုတွင် ဈေးနှုန်းမြင့်မားမှုနှင့် လျှပ်စစ်ဓာတ်အားဖြည့်သွင်းရမည့် အခြေခံအဆောက်အအုံ လိုအပ်ချက်များ ရှိနေဆဲဖြစ်သော်လည်း နည်းပညာတိုးတက်လာသည်နှင့် ဘက်ထရီသိုလှောင်နိုင်စွမ်းအား ကောင်းမွန်လာခြင်း၊ ဘက်ထရီသက်တမ်းပိုရှည်လာခြင်း၊ အချိန်တိုအတွင်း လျင်မြန်စွာ အားသွင်းနိုင်ခြင်း၊ လောင်စာဆီ သုံးစွဲရသည့်စရိတ်နှင့် နှိုင်းယှဉ်ပါက လျှပ်စစ်ဓာတ်အားဖြည့်ရန် ကုန်ကျစရိတ်မှာ သိသိသာသာ လျော့နည်းသက်သာခြင်း၊ ပြင်ဆင်ထိန်းသိမ်းစရိတ်များ ပိုမိုသက်သာခြင်းတို့သည် လျှပ်စစ်သုံးယာဉ်များ၏ အားသာချက်များ ဖြစ်သည့်အပြင် ဘက်ထရီနည်းပညာ တိုးတက်လာသည်နှင့်အမျှ ဈေးနှုန်းများ ကျလာနိုင်သည့် အနေအထားလည်း ရှိလာနိုင်ကြောင်း သိရသည်။

“EV Mall မှာ လျှပ်စစ်သုံးယာဉ်အမျိုးအစားပေါင်းစုံ ထုတ်လုပ်တဲ့ နိုင်ငံစုံက လျှပ်စစ်သုံးယာဉ်တွေကို ပြသရောင်းချပေးနေတာဖြစ်ပါတယ်။ အမျိုးအစားအလိုက် တင်သွင်းရောင်းချတဲ့ ကုမ္ပဏီတွေအနေနဲ့ Authorized Distributor တွေဖြစ်လို့ After Sale Service ကို သက်ဆိုင်ရာ ကားအမျိုးအစားတွေအလိုက် ပြည်ပသင်တန်းတွေ တက်ရောက်ပြီး ပြန်လာသူတွေက ပြင်ဆင်ထိန်းသိမ်းပေးမှာ ဖြစ်ပါတယ်။ နောက်ပြီး Spare Parts တွေကိုလည်းအမျိုးအစားအလိုက် သူ့ပစ္စည်းနှင့်သူ မှာယူထားရှိပြီးဖြစ်တဲ့အတွက် အသုံးပြုသူပြည်သူတွေအနေနဲ့ စိတ်ပူစရာမလိုပါဘူး” ဟု EV Mall တာဝန်ခံ ကိုနောင်နောင်ဝင်းက ပြောသည်။

ယခုကဲ့သို့ EV Mall ဖွင့်လှစ်ရောင်းချခြင်းကြောင့် ပြည်သူများအနေဖြင့် EV ကားအမျိုးအစားများကို ကုမ္ပဏီတစ်ခုစီ သွားရောက်ကြည့်ရှုစရာမလိုဘဲ တစ်နေရာတည်းတွင် ရွေးချယ်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတကာနှင့် အာဆီယံဒေသတွင်းတွင်လည်း မြန်မာနိုင်ငံ၏ Automotive Industry တိုးတက်မှုကို ပြသရာရောက်ကြောင်း၊ စိတ်ဝင်စားသည့် ပြည်သူများအနေဖြင့် နေပြည်တော်ရှိ Sinma Living Mall ၌ နေ့စဉ် နံနက် ၉ နာရီမှ ည ၈ နာရီအထိ ပြသလျက်ရှိရာ စိတ်ကြိုက် လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်း - ဟိန်းမင်းစိုး၊ အောင်ရဲသွင်၊ဓာတ်ပုံ - ကိုကိုအေး**

## နယ်စပ်ရေးရာဝန်ကြီးဌာနက ရှမ်းပြည်နယ် (မြောက်ပိုင်း) ကုန်းကြမ်းမြို့နယ်အတွင်းရှိ ကျွှင်ညဲကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

**နေပြည်တော်  မေ ၂၈**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်း မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းအခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်းသည်။

ထိုသို့ဆက်ကပ်လှူဒါန်းလျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက ကုန်းကြမ်းမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် ဝန်ထမ်းမိသားစုများက ကုန်းကြမ်းမြို့နယ် ကျွှင်ညဲကျေးရွာ ဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော် အရှင်သောဘသာထံသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ထူးခြားသည့် နေ့အပူချိန်များ

၂၈- ၄-၂၀၂၂

| | | |
|---|---|---|
| ချောက်မြို့ | ၄၅ | ဒီဂရီစင်တီဂရိတ် |
| ဘော်လခဲမြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| တောင်တွင်းကြီးမြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| ပြည်မြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| ဖားဆောင်းမြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |

# တောင်ကြီးလူရည်ချွန်အပန်းဖြေစခန်းတွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် လူရည်ချွန်ကျောင်းသား ကျောင်းသူများနှင့် လူရည်ချွန်ကြီးများတွေ့ဆုံ၍ ပညာရေးဆိုင်ရာဟောပြောပွဲနှင့် ညစာစားပွဲကျင်းပ

**တောင်ကြီး ဧပြီ ၂၈**

တောင်ကြီးလူရည်ချွန်အပန်းဖြေစခန်းတွင် ရောက်ရှိနေသည့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဒသမတန်း (Grade-10) လူရည်ချွန် ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက် ၈ နာရီတွင် တောင်ကြီးလူရည်ချွန်အပန်းဖြေစခန်းရှိ ဒေါ်ခင်သိန်း ခန်းမ၌ လူရည်ချွန်အဖွဲ့(၁၉၆၄-၈၈)မှ လူရည်ချွန်ကြီးများနှင့် တွေ့ဆုံ၍ ပညာရေးဆိုင်ရာ ဟောပြောပွဲကျင်းပရာ လူရည်ချွန်ကြီးများဖြစ်ကြသည့် ဒေါ်နန်းမိုမိုသီတာက မိတ်ဆက်စကားပြောကြားပြီး ဦးခင်မောင်ကြည်က လူရည်ချွန်အဖွဲ့(၁၉၆၄-၈၈) အကြောင်း သိကောင်းစရာများကို ပြောကြားသည်။ **(ယာပုံ)**



ဆက်လက်၍ သက်ကြီးစကား သက်ငယ်ကြား အစီအစဉ်အရ လူရည်ချွန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာအောင်သာထွန်းက ဘဝတစ်လျှောက် ဦးနှောက်အသုံးချပုံ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒေါ်မြတ်မြတ်ထွေးက လူရည်ချွန်နှင့် ပညာရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးစိုးညွန့်က သက်ကြီးစကား သက်ငယ်ကြား ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါ်နန်းမေသောင်းခင်က တောင်ပေါ်သူကျွန်မ လူရည်ချွန်ဘဝ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဦးခင်မောင်ကြည်က ကမ္ဘာ့ရေကြောင်း သဘော်မောင်းနှင် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါ်နန်းမိုမိုသီတာက Entrepreneurship ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဦးစိုးမြင့်က ထာဝရလူရည်ချွန်နှင့် အပန်းဖြေခြင်း ( Once LYC ever LYC) ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောပို့ချကြသည်။ ထို့နောက် ကျောင်းသား ကျောင်းသူ လူရည်ချွန်မောင်မယ်များက မေးမြန်းကြရာ လူရည်ချွန်ကြီးများက ပြန်လည်ဖြေကြားကြပြီး လူရည်ချွန်သီချင်းများကို လက်ဆင့်ကမ်း သင်ကြားပေးသည်။

ညနေပိုင်းတွင် တောင်ကြီးလူရည်ချွန်စခန်း၌ ညစာစားပွဲကိုကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး နှင့် ပြည်နယ်ဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ရှမ်းပြည်နယ် ပညာရေးမှူးနှင့်တာဝန်ရှိသူများ တက်ရောက်၍ လူရည်ချွန် ကျောင်းသား ကျောင်းသူများနှင့် အတူတကွ ရင်းရင်းနှီးနှီး ညစာသုံးဆောင်ကြသည်။

အဆိုပါ ညစာစားပွဲ၌ ညောင်ရွှေမြို့နယ်မှ တင်ဆက်သည့် တိုင်းရင်းသားရိုးရာ ဖျော်ဖြေရေး အစီအစဉ်တွင် ရွှေတောင်ရပ်ကွက် သမီးငယ်များက ဝံသာနုပျိုမေသီချင်းဖြင့် လည်းကောင်း၊ အထက-ခေါင်တိုင်မှ အင်းသူလေးရဲ့ဖိတ်ခေါ်သံ၊ ကုမုဒြာ၊ ပအိုဝ်းသီချင်းတို့ဖြင့် လည်းကောင်း၊ မူလွန်-ကန်ရွာမှ ထာဝရသစ္စာ သီချင်းဖြင့်လည်းကောင်း၊ အလက-ညောင်ဝန်းနောက်မှ ရွှေအင်းသားမီး သီချင်းဖြင့် လည်းကောင်း၊ အမက-သဲကုန်းမှ လှမ်းလာခဲ့ပါ အင်းကန်သာ သီချင်းဖြင့်လည်းကောင်း၊ အမက-လွယ်ငြိမ့်မှ ထာဝရမြန်မာ သီချင်းဖြင့်လည်းကောင်း၊ အမက-တောင်ပို့ကြီး(မ)မှ တောင်ယာဝင်ချိန်သီချင်းဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကောဒသမတန်း(Grade-11) လူရည်ချွန် ကျောင်းသား ကျောင်းသူများ ငွေဆောင်လူရည်ချွန်အပန်းဖြေစခန်းသို့ ရောက်ရှိ

**ရန်ကုန် ဧပြီ ၂၈**

ငွေဆောင် လူရည်ချွန်စခန်းသို့ သွားရောက်ကြမည့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကောဒသမတန်း လူရည်ချွန် ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်ဆရာ၊ ဆရာမ စုစုပေါင်း ၁၇၄ ဦး ပါဝင်သောအဖွဲ့သည် ဧပြီ ၂၇ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် စီမံခန့်ခွဲမှု သင်တန်းကျောင်း (ရန်ကုန်)သို့ ရောက်ရှိကြသည်။

ထိုသို့ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းနှင့် ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများနှင့် ဆရာ ဆရာမများက ကြိုဆိုကြပြီး နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

မွန်းလွဲပိုင်းတွင် လူရည်ချွန် ကျောင်းသား ကျောင်းသူများသည် လှိုင်မြို့နယ် ချူကလီးယား နည်းပညာ သတင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။ ထို့နောက် ရွှေတိဂုံစေတီတော်မြတ်သို့ သွားရောက်ဖူးမြော်ကြည်ညိုရာ ရှေးဟောင်းတန်ဆောင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ သမိုင်းကြောင်းအား ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ရှင်းလင်းပြောကြားသည်။ ယင်းနောက် လူရည်ချွန် ကျောင်းသား ကျောင်းသူများစုပေါင်း၍ ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေသင်္ကန်းတော်အတွက် ငွေကျပ် ၁၁၇၅၅၀၀ ကို ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ထံသို့ ပေးအပ်လှူဒါန်းသည်။



ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က လူရည်ချွန်များနှင့် ကြီးကြပ်ဆရာ ဆရာမတို့ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ညစာဖြင့် ဂုဏ်ပြုတည်ခင်းဧည့်ခံသည်။

လူရည်ချွန် ကျောင်းသား ကျောင်းသူများသည် ယနေ့ နံနက် ၆ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်လူရည်ချွန်စခန်းသို့ ဆက်လက်ထွက်ခွာကြပြီး မွန်းလွဲ ၂ နာရီတွင် လူရည်ချွန်စခန်း ဖွင့်လှစ်ထားသည့် ငွေဆောင်မြို့ ယမုံနာဦးဟိုတယ်သို့ရောက်ရှိကြရာ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ-ကနူး**

## တောင်ကြီးမြို့၌ ကမ္ဘာ့ကာကွယ်ဆေးထိုး ရက်သတ္တပတ်အဖြစ် ကလေးများအား ကာကွယ်ဆေးထိုးနှံ

**တောင်ကြီး ဧပြီ ၂၈**

ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ကမ္ဘာ့ကာကွယ်ဆေးထိုး ရက်သတ္တပတ်အဖြစ် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများ ဖြစ်ပွားမှု၊ အဆိုပါရောဂါများမှ သေဆုံးမှုမရှိစေရန်၊ ပိုလီယိုအကြောသေရောဂါ၊ ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါများ ကင်းဝေးပပျောက်စေရန်နှင့် ကာကွယ်ဆေးလွှမ်းခြုံမှုမြင့်မားစွာ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ အသက်နှစ်လမှသုံးနှစ်အရွယ် ကလေးများအား ကာကွယ်ဆေး ထိုးနှံ/တိုက်ကျွေးခြင်းကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း သားဖွားဆောင်၌ ဆောင်ရွက်ခဲ့သည်။ **(အောက်ဝဲပုံ)**




ထိုသို့ ဆောင်ရွက်ရာတွင် ပြည်နယ် ကျန်းမာရေးဦးစီးဌာန ဒုတိယပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဝမ်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဝင်းဝင်းခိုင်နှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးပြီး ကာကွယ်ဆေးထိုးနှံ/ တိုက်ကျွေးခြင်းကို ဧပြီ ၃၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် တောင်ကြီးမြို့နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနများ၊ ဒေသန္တရကျန်းမာရေး ဌာနများတွင်လည်း ကာကွယ်ဆေး ထိုးနှံ/တိုက်ကျွေးခြင်းများကို တစ်ပြိုင်တည်း ဆောင် ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ရွှေတောင်မြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ ပြိုကျပျက်စီး

**ရွှေတောင် ဧပြီ ၂၈**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၌ ယမန်နေ့ညနေ ၆ နာရီ ၄၅ မိနစ်က မိုးရွာသွန်း၍ လေပြင်းတိုက်ခတ်မှုကြောင့် ရွှေတောင်မြို့နယ် ကျီးသဲကျေးရွာအုပ်စု၊ ကျောက်မြင့်ကျေးရွာအုပ်စုနှင့် သရက်သုံးပင်ကျေးရွာအုပ်စု အတွင်းရှိ လူနေအိမ်နှစ်အိမ် ပြိုကျပျက်စီးခဲ့ပြီး လူနေအိမ် ရှစ်အိမ် အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ကျီးသဲကျေးရွာ၊ ကျောက်မြင့်အုပ်စု ရွာသစ်ကြီးကျေးရွာ၊ သရက်သုံးပင်ကျေးရွာများတွင် လူနေအိမ်များပျက်စီးခဲ့ပြီး ပျက်စီးတန်ဖိုးမှာ ငွေကျပ် ၁၁၇၅၃၀၀ ရှိကြောင်းနှင့် လူနှင့်တိရစ္ဆာန်များ တစ်စုံတစ်ရာ ထိခိုက်ဒဏ်ရာရရှိမှုများမရှိကြောင်းသိရသည်။**ကိုကိုမင်း(ပြန်/ဆက်)**

## ကျောက်တံခါးမြို့နယ်၌ လေပြင်းများတိုက်ခတ်၍ လူနေအိမ် ၂၄ လုံးပျက်စီး

**ကျောက်တံခါး ဧပြီ ၂၈**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်အတွင်း ယမန်နေ့က လေပြင်းများ တိုက်ခတ်မှုကြောင့် အနန်းဘော်ကျေးရွာအုပ်စုနှင့် လက်ခံကျေးရွာအုပ်စုတို့တွင် လူနေအိမ် ၂၄ လုံးနှင့် စပါးကိုဒေါင်တစ်လုံး တစ်စိတ်တစ်ပိုင်း ထိခိုက်ပျက်စီးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုသို့ လေပြင်းများ တိုက်ခတ်မှုကြောင့် ကျောက်တံခါးမြို့နယ် အနန်းဘော်ကျေးရွာအုပ်စု အတွင်း၌ ရွာသာယာကျေးရွာတွင် လူနေအိမ် သုံးလုံး၊ အုန်းနဲ့ပင်ကျေးရွာတွင် လူနေအိမ် တစ်လုံး၊ လက်ပံကုန်းကျေးရွာတွင် လူနေအိမ်တစ်လုံးနှင့် စပါးကိုဒေါင်တစ်လုံး၊ ညောင်ဝိုင်းကျေးရွာတွင် လူနေအိမ်သုံးလုံးနှင့် လက်ခံကျေးရွာအုပ်စုအတွင်း၌ ဒိုးတန်းကျေးရွာတွင် လူနေအိမ်ခြောက်လုံး၊ ကျောက်စရစ်ကျေးရွာတွင် လူနေအိမ် ၁၀ လုံး တို့မှာ ထရံကာများပြုတ်ထွက်ခြင်း၊ သက်ငယ်နှင့် သွပ်မိုးများ အမိုးလန်ထွက်ခြင်း စသည့် တစ်စိတ်တစ်ပိုင်း ပျက်စီးမှုများဖြစ်ပွားခဲ့ပြီး အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုများ တစ်စုံတစ်ရာမျှမရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# အမေရိကန်သို့ရွှေ့ပြောင်းနေထိုင်သူ ဝင်ရောက်မှုများပြားလာနိုင်သည့်အတွက် လက်တင်အမေရိကတွင် စင်တာများ ဖွင့်လှစ်ဆောင်ရွက်သွားမည်

ဝါရှင်တန် မေ ၂၈

**အထောက်အထားမပါသည့် ရွှေ့ပြောင်းနေထိုင်သူများ အမေရိကန် – မက္ကဆီကို နယ်စပ်သို့ အလုံးအရင်းဖြင့် ဝင်ရောက်လာနိုင်သည့်အတွက် ၎င်းတို့ကိုတားဆီးရန် လက်တင်အမေရိကတွင် စင်တာများဖွင့်လှစ်ဆောင်ရွက်သွားမည်ဟု အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြောသည်။**

အမေရိကန်သည် အခြားနိုင်ငံများနှင့်အတူ အနောက်ကမ္ဘာခြမ်းရှိ အဓိကကျသော နေရာများတွင် ရွှေ့ပြောင်းနေထိုင်သူများအတွက် ဒေသဆိုင်ရာ စင်တာများကို တည်ဆောက်သွားမည်ဟု မေ ၂၆ ရက်တွင် အမေရိကန်အစိုးရကပြောသည်။ ပုံမှန်မဟုတ်သည့်ရွှေ့ပြောင်းနေထိုင်မှုကို လျှော့ချရန်နှင့် ဘေးကင်းလုံခြုံပြီး စနစ်ကျသည့်လမ်းကြောင်းကို တည်ဆောက်ရန်အတွက် ရည်ရွယ်ထားကြောင်း သိရသည်။ ကိုလံဘီယာ၊ ဂွာတီမာလာတို့အပါအဝင် အခြားသောနိုင်ငံများတွင် ပထမဆုံး စင်တာများကို တည်ဆောက်သွားမည်ဟု အမေရိကန်အစိုးရက ပြောသည်။

အမေရိကန်သို့ ဝင်ရောက်လိုသည့်လူများသည် အဆိုပါစင်တာများတွင် စစ်ဆေးမှုခံယူရမည်ဖြစ်သည်။ ထိုသို့စစ်ဆေးပြီးနောက် အမေရိကန်သို့ ဝင်ရောက်ရန် ခွင့်ပြုချက်ရရှိပါက အဆင်ပြေချောမွေ့ရန် အကူအညီများ ထောက်ပံ့ပေးသွားမည်ဟု အရာရှိများက ပြောသည်။ အမေရိကန်တောင်ပိုင်း နယ်စပ်သို့ အထောက်အထားမဲ့ ဝင်ရောက်လာသည့် ရွှေ့ပြောင်းနေထိုင်သူဦးရေမှာ ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ၂ ဒသမ ၇၆ သန်း ရှိလာပြီဖြစ်သည်။ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် လက်ထက်တွင် နယ်စပ်ပြဿနာ ဖြစ်ပွားသည်ဟု ရီပတ်ဘလီကန်များက ဝေဖန်ကြသည်။



မက္ကဆီကိုနယ်စပ်တွင် ရွှေ့ပြောင်းနေထိုင်သူများကိုတွေ့ရစဉ်။

ကိုဗစ် – ၁၉ ကန့်သတ်ချက်များ ဖြေလျှော့ပေးပြီးနောက် မေ ၁၁ ရက် နောက်ပိုင်းတွင် အမေရိကန်သို့ အထောက်အထားမဲ့ ဝင်ရောက်လာမည့် ရွှေ့ပြောင်းနေထိုင်သူဦးရေမှာ ပို၍များပြားလာမည်ဟု ခန့်မှန်းထားကြသည်။

အင်န်အိတ်ချ်ကေ

# ဆိုနီကုမ္ပဏီ၏ တစ်နှစ်တာ ရောင်းအားတန်ဖိုး ပထမဆုံးအကြိမ် ယန်း ၁၀ ထရီလီယံကျော်ရရှိ

တိုကျို မေ ၂၈

ဆိုနီကုမ္ပဏီများအုပ်စုမှ ၂၀၂၂ ဘဏ္ဍာနှစ်တွင်၎င်း၏ရောင်းအားသည် ယန်း ၁၁ ဒသမ ၅၄ ထရီလီယံ (အမေရိကန် ဒေါ်လာ ၈၅ ဘီလီယံ) ရှိခဲ့ပြီး ရောင်းအား ၁၆ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း မေ ၂၈ ရက်တွင် ကြေညာခဲ့သည်။




အဆိုပါ ဂျပန်အီလက်ထရွန်နစ်နှင့် ဖျော်ဖြေရေး ကုမ္ပဏီကြီးသည် ယခုမတ်လတွင် ကုန်ဆုံးခဲ့သည့် ဘဏ္ဍာနှစ်အတွက် အမြတ်ငွေ ယန်း ၉၃၇ ဒသမ ၁၃ ဘီလီယံရှိပြီး ယခင်နှစ်ကထက် ၆ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာကာ ၎င်း၏ လုပ်ငန်းလည်ပတ်မှု အမြတ်မှာ ယန်း ၁ ဒသမ ၂၀ ထရီလီယံအထိ ဝ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

ဆိုနီ၏ ဂိမ်းနှင့် အင်တာနက် ကွန်ရက် ဝန်ဆောင်မှုကဏ္ဍတွင် ရောင်းအားသည် ယန်း ၃ ဒသမ ၆၄ ထရီလီယံမှ ၃၃ ရာခိုင်နှုန်း မြင့်တက်သွားပြီး ယင်းကုမ္ပဏီသည် မတ်လအထိ တစ်နှစ်တာတွင် PlayStation 5 ဗီဒီယိုဂိမ်းစက် ၁၉ ဒသမ ၁ သန်းဖိုး ရောင်းချနိုင်ခဲ့ပြီး ယခင်နှစ်ထက် အလုံးရေ ၇ ဒသမ ၆ သန်းအထိ ပိုမိုရောင်းချခဲ့ရသည်။ **ဆင်ဟွာ**

# ကမ္ဘာ့ဘဏ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၅ ဘီလီယံ ထောက်ပံ့ရန် အတည်ပြု

ဒါကာ မေ ၂၈

ကမ္ဘာ့ဘဏ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် ၂၀၂၃ ခုနှစ်မှ ၂၀၂၇ ခုနှစ်အထိ စီမံကိန်းအသစ် သုံးခုအတွက် ဘဏ္ဍာငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၅ ဘီလီယံထောက်ပံ့ရန် အတည်ပြုခဲ့ကြောင်း ချေးငွေထုတ်ပေးသူက မေ ၂၅ ရက်တွင် ပြောကြားသည်။

ယင်းစီမံကိန်းများအနက်မှ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်အသွင်ပြောင်းရေး အစီအစဉ်ဟု အမည်ပေးထားသည့် အာဟာရ၊ စွန့်ဦးတီထွင်မှုနှင့် ခံနိုင်ရည်ရှိရေးဆိုင်ရာ စီမံကိန်းများအတွက် ကမ္ဘာ့ဘဏ်က ဒေါ်လာသန်း ၅၀၀ ထောက်ပံ့မည်ဟု ဆိုသည်။

ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အစိမ်းရောင်အသွင်ကူးပြောင်းမှုနှင့် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသော ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေမည့် စီမံကိန်းချေးငွေအဖြစ် နောက်ထပ် သန်း ၅၀၀ ပေးအပ်မည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နောက်ထပ် ဒေါ်လာသန်း ၂၅၀ ကို အသေးစားလုပ်ငန်းများဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းများအတွက် ပံ့ပိုးပေးရန် အတည်ပြုခဲ့သည်။

ဆင်ဟွာ

# အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂေါ ပြည်နယ်တွင် မိုးကြိုးပစ်မှုကြောင့် လူ ၁၅ ဦး သေဆုံး

**နယူးဒေလီ မေ ၂၈**

အိန္ဒိယနိုင်ငံ အရှေ့ပိုင်းရှိ အနောက်ဘင်္ဂေါပြည်နယ်တွင် မိုးကြိုးပစ်မှုကြောင့် လူ ၁၅ ဦးထက်မနည်း သေဆုံးကာ ဒဏ်ရာရရှိသူများလည်းရှိကြောင်း အာဏာပိုင်များက မေ ၂၈ ရက်တွင်ပြောသည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း တောင်ပိုင်းခရိုင်များတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မိုးကြိုးပစ်မှုများနှင့် ကြုံတွေ့ခဲ့ရသည်။ သေဆုံးသူအများစုမှာ မိုးကြိုးပစ်မှုများ ဖြစ်ပွားနေစဉ်အတွင်း လယ်ကွင်းအတွင်း အလုပ်လုပ်ကိုင်နေသည့် လယ်သမားများဖြစ်ကြသည်ဟု အာဏာပိုင်များက ပြောသည်။

မိုးကြိုးပစ်မှုကြောင့် ဒဏ်ရာရရှိသူများလည်း ရှိပြီး ၎င်းတို့ကို ဆေးရုံသို့ပို့ဆောင်ပေးထားသည်ဟု သိရသည်။

၂၀၂၂ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံတွင် မိုးကြိုးပစ်မှုကြောင့် ၉၀၇ ဦး သေဆုံးခဲ့သည်ဟု တရားဝင်အချက်အလက်များအရ သိရသည်။

ဆင်ဟွာ





# လူသတ်မှုများစွာကျူးလွန်ခဲ့သည်ဟူသော သံသယရှိသဖြင့် အမျိုးသမီးတစ်ဦးကို ထိုင်းရဲများဖမ်းဆီး

**ဘန်ကောက် မေ ၂၈**

လူ ၁၂ ဦးထက်မနည်းကို အဆိပ်ခတ်ကာသတ်ဖြတ်ခဲ့သည်ဟူသော သံသယဖြင့် အမျိုးသမီးတစ်ဦးကို ထိုင်းရဲများက ဖမ်းဆီးလိုက်ကြောင်း သိရသည်။

ဆာရာရက် ရန်ဆီဝတ်သဖွန်ဟူသော အမျိုးသမီးကို မေ ၂၅ ရက်က ၎င်း၏သူငယ်ချင်းကို သတ်မှုအတွက် သံသယရှိသဖြင့် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ အဆိုပါ အမျိုးသမီးမှာ အသက် ၃၆ နှစ်အရွယ်ရှိပြီဖြစ်ပြီး ပြည်နယ်ရဲအရာရှိကြီးတစ်ဦး၏ ဇနီးဟောင်းလည်းဖြစ်သည်။ ဆာရာရက်နှင့် သူငယ်ချင်းဖြစ်သူတို့ အတူတကွခရီးထွက်ပြီးနောက် ယခုလအစောပိုင်းတွင် ဆာရာရက်၏ သူငယ်ချင်း အလောင်းကို မြစ်ကမ်းနဖူးတွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်။

သေဆုံးသွားသူ၏ အလောင်းတွင် ဆိုင်ရာနိုက်အဆိပ်ကို တွေ့ရှိခဲ့ပြီး အဆိုပါအဆိပ်မှာ ဆာရာရက်၏ ကားအတွင်း၌လည်း တွေ့ရှိခဲ့သည်ဟု စုံစမ်းစစ်ဆေးသူများက ပြောသည်။ ဆာရာရက်ကို ပိုက်ဆံချေးခဲ့သည့် သူငယ်ချင်းအပါအဝင် ပြီးခဲ့သည့် သုံးနှစ်တာအတွင်း လူပေါင်း ၁၂ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း စုံစမ်းစစ်ဆေးသူများက ပြောသည်။

ငွေရေး ကြေးရေးဆိုင်ရာ ပြဿနာများကြောင့် ဆာရာရက်သည် အဆိပ်ကို အသုံးပြုကာ ကွင်းဆက်လူသတ်မှု ကျူးလွန်ခဲ့သည်ဟု ရဲများက ယူဆထားကြသည်။

အင်န်အိတ်ချ်ကေ

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသည့် ဆရာတော်ကြီး ငါးပါးအား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲပြုလုပ်

**နေပြည်တော် မေ ၂၈**

၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရ သည့် ဆရာတော်ကြီး ငါးပါးအား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ ရုံး ခန်းမဆောင်၌ ပြုလုပ်ရာ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ် တော်ရ နိုင်ငံတော် သြဝါဒါစရိယ ကျောက်ဖြူမြို့ နဂါးကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ စက္ကိန္ဒာဘိဝံသ အမှူးပြုသော မြို့နယ်အသီးသီးမှ သာသနာ တော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသည့် ဆရာ တော်ကြီးများ ကြွရောက်တော်မူ ကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ ဌာနဆိုင်ရာဝန်ထမ်း များနှင့် မြို့မိမြို့ဖများတက်ရောက် ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာ ကြသူများက အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ နိုင်ငံတော် သံဃမဟာနာယက တွဲဖက် အကျိုးတော်ဆောင် မင်းပြားမြို့ ပရိယတ္တိဓမ္မိကာရုံ ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဣန္ဒာစရိယ ထံမှ ငါးပါးသီလခံယူဆောက် တည်ကြသည်။ ထို့နောက် ကျောက်ဖြူမြို့ နဂါးကျောင်းတိုက် ပဓာန နာယကဆရာတော်က သမ္ဗောဒနီယ သြဝါဒကထာ မိန့်ကြား ချီးမြှင့်တော်မူသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီး ချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာ ကြသူများက သာသနာတော် ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ် ခြင်းခံရသည့် ဆရာတော်ကြီး များအား ထပ်ဆင့်ဂုဏ်ပြုလွှာ များ၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့်



နဝကမ္မအလှူငွေများ ဆက်ကပ် လှူဒါန်းကြပြီး သံတွဲမြို့ မဟာဗောဓိ စာသင်တိုက်ဆရာတော် ဘဒ္ဒန္တ ကလျာဏထံမှအနုမောဒနာ တရား နာကြားကာ လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချ အမျှပေး ဝေကြ၍ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်တားဆီးနိုင်ရေး ပြည်နယ်/ခရိုင်/မြို့နယ်ကော်မတီအဖွဲ့ဝင်များနှင့် ညှိနှိုင်းဆွေးနွေးပွဲတက်ရောက်

**မြစ်ကြီးနား မေ ၂၈**

ကချင်ပြည်နယ် ကိုဗစ်-၁၉ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန် ရေးကော်မတီအနေဖြင့် မြန်မာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်း ရောဂါပိုး ထပ်မံ ကူးစက်လာမှုနှင့် စပ်လျဉ်း၍ ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်တားဆီး နိုင်ရေး ခရိုင်/မြို့နယ်ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌများ နှင့် လုပ်ငန်းညှိနှိုင်းအစည်း အဝေးကို မေ ၂၈ ရက် နံနက် ၁၀ နာရီက ပြည်နယ်အစိုးရ



အဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပ သည်။(**အပေါ်ပုံ**)

**ကျယ်ကျယ်ပြန့်ပြန့်ပညာပေး**

လုပ်ငန်းညှိနှိုင်းအစည်းအဝေး တွင် ပြည်နယ် ကိုဗစ်-၁၉ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန် ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ကော်မတီအဆင့်ဆင့် အနေဖြင့် ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှင့် ထပ်ဆောင်း ကာကွယ်ဆေးများ ထိုးနှံနိုင်ရေး၊ ကျန်းမာရေး ဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စည်းမျဉ်း စည်းကမ်းများနှင့်အညီ နေထိုင် သွားလာရေးကို ကျယ်ကျယ် ပြန့်ပြန့် အသိပညာပေးဆောင် ရွက်ကြရန် လိုအပ်ကြောင်း၊ ကြိုတင်ပြင်ဆင် ဆောင်ရွက်သွား ရမည့် ကိစ္စရပ်များကိုလည်း စနစ်တကျ စီမံဆောင်ရွက်ထား ကြရန်လိုကြောင်း တိုက်တွန်း မှာကြားသည်။

**ဖြည့်စွက်ရှင်းလင်း**

ထို့နောက် တက်ရောက်လာ ကြသူများ၏ တင်ပြဆွေးနွေးမှု အပေါ် ပြည်နယ်အဆင့်ကော်မတီ အဖွဲ့ဝင်များက လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်း ဆွေးနွေး တင်ပြကြသည်။

**ပြည်သူများ ပူးပေါင်းပါဝင်ရေး**

ဆွေးနွေးတင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ကိုဗစ်- ၁၉ ကပ်ရောဂါသည် လူမှုစီးပွား ကို ထိခိုက်စေနိုင်သည့်အတွက် ပြည်သူများ ပူးပေါင်းပါဝင်လာ စေရေး အသိပညာပေးလုပ်ငန်းနှင့် ကာကွယ်ဆေးအပိုဆောင်းထိုးနှံ မှုများကို အရှိန်အဟုန်မပျက် ဆောင်ရွက်ကြရေးနှင့် ကြိုတင် ပြင်ဆင်စီမံဆောင်ရွက်ထားရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ၂၀၂၃ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်အသီးသီး၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

**နေပြည်တော် မေ ၂၈**

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ် မောင်မယ် များကို နွေရာသီကျောင်းပိတ်ရက် ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ် ရက်များ အကျိုးရှိစေရန်၊ မိမိ ဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူး နိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်း ပညာ၊ လေကြောင်းပညာ ကျွမ်းကျင်သော အနာဂတ် မျိုးဆက်သစ် လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ တပ်မတော် (ရေ)က ရေကြောင်း လူငယ်အခြေခံနှင့် တန်းမြင့် သင်တန်းများ၊ တပ်မတော်(လေ) က အခြေခံလေကြောင်းလူငယ် သင်တန်း(အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်း လူငယ် သင်တန်း (အငယ်တန်းအဆင့်) ဖွင့်ပွဲများကို မေ ၂၄ ရက်တွင် သက်ဆိုင်ရာ မြို့နယ်များရှိ သင်တန်းစခန်းများ၌ တစ်ပြိုင် တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့် သင်ကြားပေးလျက်ရှိ သည်။

**လေ့ကျင့်သင်ကြားပေး**

ထိုသို့ လေ့ကျင့်သင်ကြား လျက်ရှိရာ ယနေ့တွင် တပ်မတော် (ရေ)က ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်း များကို မွန်ပြည်နယ် မော်လမြိုင် မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၈၅ ဦး၊ တနင်္သာရီတိုင်း ဒေသကြီး ဟိန်းဇဲမြို့ရှိ ရေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၀ ၊ ရန်ကုန်မြို့ရှိ ရေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၉၇ ဦး၊ ကိုကိုးကျွန်းမြို့ ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၇၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ရေကြောင်းလူငယ် စခန်းမှ သင်တန်းသား သင်တန်း သူ ၅၀ နှင့် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ ရေကြောင်းလူငယ် စခန်းမှ သင်တန်းသား သင်တန်း သူ ၅၀ တို့ကို သက်ဆိုင်ရာ နယ်မြေအသီးသီးမှ တာဝန်ရှိသူ နည်းပြများက လေ့ကျင့်သင်ကြား ပေးလျက်ရှိပြီး သက်ဆိုင်ရာ မြို့နယ်များရှိ တပ်မတော် (ရေ) ရေကြောင်းလူငယ်စခန်း ၁၁ ခုမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၇၁၂ ဦးတို့ကို လေ့ကျင့် သင်ကြားပေးလျက်ရှိသည်။

**လေကြောင်းလူငယ်သင်တန်း**

အလားတူ တပ်မတော်(လေ) က အခြေခံလေကြောင်း လူငယ် သင်တန်း (အကြီးတန်းအဆင့်) နှင့် အခြေခံလေကြောင်းလူငယ် သင်တန်း (အငယ်တန်းအဆင့်) သင်တန်းများကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ လေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၀၊ ရှမ်း ပြည်နယ်(မြောက်ပိုင်း) လားရှိုး မြို့ရှိ လေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၄၀ ၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ရှိ လေကြောင်းလူငယ်စခန်းမှ



သင်တန်းသား သင်တန်းသူ ၄၀ ၊ မန္တလေးတိုင်းဒေသကြီး မန္တလေး မြို့ရှိ လေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ ၄၀ ၊ မိတ္ထီလာမြို့ရှိ လေကြောင်းလူငယ် စခန်းမှ သင်တန်းသား သင်တန်း သူ စုစုပေါင်း ၄၀နှင့် ပဲခူးတိုင်း ဒေသကြီး တောင်ငူမြို့ရှိ လေကြောင်း လူငယ်စခန်းမှ သင်တန်းသား သင်တန်းသူစုစု ပေါင်း ၄၀ တို့ကို သက်ဆိုင်ရာ နယ်မြေအသီးသီးမှ တာဝန်ရှိသူ နည်းပြများက လေ့ကျင့်သင်ကြား ပေးလျက်ရှိပြီး သက်ဆိုင်ရာ မြို့နယ်များရှိ သင်တန်းစခန်း ၁၇ ခု၌ စုစုပေါင်း သင်တန်းသား သင်တန်းသူအင်အား ၆၈၀ ဖြင့် သက်ဆိုင်ရာ နယ်မြေအသီးသီး အလိုက် လေ့ကျင့်သင်ကြားပေး လျက်ရှိသည်။

**ကြည့်ရှုအားပေး**

ထိုသို့ ရေကြောင်းလူငယ် အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ အခြေခံ လေကြောင်းလူငယ် သင်တန်း (အကြီးတန်းအဆင့်) နှင့် အခြေခံလေကြောင်းလူငယ် သင်တန်း(အငယ်တန်းအဆင့်) သင်တန်းများ လေ့ကျင့်သင်ကြား ပို့ချနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ က သွားရောက်ကြည့်ရှုအားပေး ကာ လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက် ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၇ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၈၉) ရာခိုင်နှုန်းရှိ

**(၂၈-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၇-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၈-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၆၆၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၈၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၃၄၀,၃၆၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၄,၆၇၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၆) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၇၇၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၁) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုပ်ပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုပ်ပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့်တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၄-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၉၅ | ၂၀၄၅ | ၂၀၄၀ | ၂၀၀၅ | ၂၀၄၀ | ၂၀၆၅ | ၂၀၅၀ | ၂၀၃၀ | ၂၁၂၅ | ၂၁၄၀ | ၂၀၃၅ | ၂၀၄၅ | ၂၀၈၀ | ၂၀၈၀ | ၂၀၈၅ | ၂၃၁၅ | ၂၈၁၀ |
| 95 Ron | ၂၀၇၅ | ၂၁၂၀ | ၂၁၂၀ | ၂၀၈၀ | ၂၁၂၀ | ၂၁၄၅ | ၂၁၃၀ | ၂၁၀၅ | ၂၂၀၅ | ၂၂၂၀ | ၂၁၀၀ | ၂၁၃၀ | ၂၁၆၀ | ၂၁၆၀ | ၂၁၆၀ | ၂၃၉၀ | ၂၈၈၅ |
| HSD (500 ppm) | ၁၉၀၀ | ၁၉၅၀ | ၁၉၅၀ | ၁၉၁၀ | ၁၉၅၀ | ၁၉၇၅ | ၁၉၇၀ | ၁၉၃၅ | ၂၀၅၅ | ၂၀၅၀ | ၁၉၄၀ | ၁၉၅၅ | ၁၉၉၀ | ၁၉၉၀ | ၁၉၉၀ | ၂၂၂၀ | ၃၁၀၀ |
| HSD (50 ppm) | ၁၉၈၀ | ၂၀၃၀ | ၂၀၃၀ | ၁၉၉၀ | ၂၀၃၀ | ၂၀၅၅ | ၂၀၅၀ | ၂၀၁၅ | ၂၁၃၅ | ၂၁၃၀ | ၂၀၂၀ | ၂၀၃၅ | ၂၀၇၀ | ၂၀၇၀ | ၂၀၇၀ | ၂၃၀၀ | ၃၁၃၀ |
| HSD (10 ppm) | ၁၉၈၀ | ၂၀၃၀ | ၂၀၃၀ | ၁၉၉၀ | ၂၀၃၀ | ၂၀၅၅ | ၂၀၅၀ | ၂၀၁၅ | ၂၁၃၅ | ၂၁၃၀ | ၂၀၂၀ | ၂၀၃၅ | ၂၀၇၀ | ၂၀၇၀ | ၂၀၇၀ | ၂၃၀၀ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၉၃ | ၁၉၆၂ |
| 95 Ron | ၁၉၆၆ | ၂၀၃၉ |
| HSD (500 ppm) | ၁၈၀၅ | ၁၈၇၀ |
| HSD (50 ppm) | ၁၈၇၈ | ၁၉၄၅ |
| HSD (10 ppm) | ၁၈၇၈ | ၁၉၄၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ပုဏ္ဏားကျွန်းမြို့၌ နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး စတုတ္ထအကြိမ်နှင့် ပဉ္စမအကြိမ် ဆက်လက်ထိုးနှံပေး

**ပုဏ္ဏားကျွန်း ဧပြီ ၂၈**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး စတုတ္ထအကြိမ်နှင့်ပဉ္စမအကြိမ် ထိုးနှံခြင်းကို ယနေ့ နံနက်၁၀နာရီက မြို့နယ်ပြည်သူ့ကျန်းမာရေးဌာန၌ ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကိုဗစ်-၁၉ ကာကွယ်ဆေးများထိုးနှံခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ အိုမီခရွန်မျိုးကွဲသစ်(XBB.1.16) သည် အာရှနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားလျက်ရှိရာ လာမည့်သီတင်းပတ်အတွင်း ပျံ့နှံ့ကူးစက်မှု ပိုမိုများပြားလာမည်ဖြစ်ကြောင်း သတိပေးထားရှိရာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုနှုန်း လျှော့ချနိုင်ရေးအတွက် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူများအား တတိယအကြိမ်ထိုးနှံပြီးသူများအား စတုတ္ထအကြိမ်အဖြစ်လည်းကောင်း၊ စတုတ္ထအကြိမ် ထိုးနှံပြီးသူများကို ပဉ္စမအကြိမ်အဖြစ်လည်းကောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ လမ်းညွှန်ချက်များနှင့်အညီ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်းများ ဆောင်ရွက်ပေးပြီး ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးထိုးနှံပေးခဲ့သည်။

မြို့နယ်ပြည်သူ့ကျန်းမာရေးဌာန၌ ယမန်နေ့က နိုင်ငံ့ဝန်ထမ်း ၄၄ ဦးကို ပဉ္စမအကြိမ်အဖြစ်လည်းကောင်း၊ ပြည်သူ ၁၉ ဦးကို စတုတ္ထအကြိမ်အဖြစ်လည်းကောင်း ဆက်လက်ထိုးနှံပေးခဲ့ကြောင်း မြို့နယ်ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီထံမှ သိရသည်။

**နီထွန်းအောင်(ပြန်/ဆက်)**

# ကိုဗစ်ကပ်ရောဂါအလွန် အကယ်ဒမီဆုပေးပွဲ ဂုဏ်ယူစွာဆင်နွှဲ

ရုပ်ရှင်ပရိသတ်တစ်ဦး

**ရုပ်ရှင်လောကသားများ အလိုလား အတောင့်တဆုံးအရာမှာ အကယ်ဒမီခေါ် ရုပ်ရှင်ထူးချွန်ဆုဖြစ်သည်။ တစ်ခါဖူးမျှ ရယူဆွတ်ခူးနိုင်ခြင်း မရှိသေးသူများက အကယ်ဒမီကို တစ်ကြိမ်တစ်ခါမျှ ရယူဆွတ်ခူးချင်သည်။ ရယူဆွတ်ခူးဖူးသူများကလည်း အကြိမ်ကြိမ်အခါခါထပ်ဆင့် ရယူဆွတ်ခူးချင်ကြသည်။**

**အကယ်ဒမီရွှေစင်ရုပ်တုသည် ပြယုဂ်တစ်ခုဖြစ်**

အကယ်ဒမီဆုအများဆုံးဆုများရှင် ခုနစ်ထပ်ကွမ်းအကယ်ဒမီဆုရှင် ဦးညွန့်ဝင်းကြီးလည်း သက်ရှိထင်ရှားရှိနေသေးလျှင် အကယ်ဒမီဆုကို ရယူချင်ပါဦးမည်။ ထပ်ဆင့်အကယ်ဒမီဆုများရှင် ရန်အောင်နှင့် မို့မို့မြင့်အောင်တို့ကလည်း ထပ်မံရဦးမည်ဟုဆိုလျှင် ယူကြပါဦးမည်။ ရုပ်ရှင်လောကသားများအဖို့ အကယ်ဒမီရွှေစင်ရုပ်တုသည် အိမ်ဦးခန်းဝယ် အမြတ်တနိုးချိတ်ဆွဲပြသစရာ ဂုဏ်ယူဖွယ်ရာ ဘဝသမိုင်း၏ပြယုဂ်တစ်ခုဖြစ်သောကြောင့်ပင်။

သို့ရာတွင် ရုပ်ရှင်အကယ်ဒမီရွှေစင်ရုပ်တုသည် လိုချင်တိုင်းရကောင်းသောအရာ မဟုတ်။ သာမန်ထက်ထူးချွန်ပြောင်မြောက်စွာ သရုပ်ဆောင်၊ ဖန်တီးနိုင်ပါမှ မျှော်မှန်းနိုင်မည်၊ ရယူဆွတ်ခူးနိုင်ပါမည်။ သို့အတွက် အကယ်ဒမီကို ရုပ်ရှင်ထူးချွန်ဆုဟု ခေါ်ဆိုရခြင်းဖြစ်သည်။

ထို့ပြင် အကယ်ဒမီသည် ထူးချွန်တိုင်းလည်း ရယူနိုင်မည်ဟု ကံသေကံမ ဆို၍မရပြန်။ ထူးချွန်တိုင်းလည်း ဆွတ်ခူးချင်မှ ဆွတ်ခူးနိုင်မည်ဖြစ်သည်။ ဆန်ခါတင်အဆင့်တွင် ပါဝင်ခဲ့သော်ငြား အမှန်တကယ်အကယ်ဒမီဆုပေးပွဲတွင် လွဲချော်မှုများကလည်း အကြိမ်ကြိမ်။ တစ်ခေတ်တစ်ခါက ရုပ်ရှင်ပရိသတ်တို့၏အသည်းစွဲ ရုပ်ရှင်သရုပ်ဆောင်ကျော်ဆွေ (ဦး)ဆိုပါလျှင် ကွယ်လွန်သွားသည်အထိ အကယ်ဒမီရွှေစင်ရုပ်တုကို ကိုင်မြှောက်ခွင့်မရရှိခဲ့ချေ။ ရုပ်ရှင်သရုပ်ဆောင် ဇော်လင်း(ဦး)ဆိုပါမူ သူအလိုချင်ဆုံး အကယ်ဒမီဆုကို ကွယ်လွန်ပြီးမှသာ ဆွတ်ခူးရရှိခဲ့ရရှာသည်။ ၁၉၉၅ ခုနှစ်တွင် တိုက်ပွဲခေါ်သံရုပ်ရှင်ဇာတ်ကားနှင့် ၁၉၉၆ ခုနှစ်တွင် ပန်းသခင်ဇာတ်ကားတို့ဖြင့် အမျိုးသားဇာတ်ပို့ဆုများ ရယူဆွတ်ခူးနိုင်ခဲ့သည်ကို သက်ရှိထင်ရှားဘဝဖြင့် မသိလိုက်ခဲ့ရရှာပေ။ ထို့ကြောင့် အကယ်ဒမီကို နတ်ကြီးသည်ဟု အများကဆိုကြခြင်းဖြစ်သည်။

**ထူးချွန်ဆုအရေအတွက် တိုးမြှင့်ချီးမြှင့်**

ရုပ်ရှင်လောကသားများ မျှော်လင့်တောင့်တဆုံးနှင့် ရုပ်ရှင်ချစ်ပရိသတ်များ စိတ်ဝင်စားမှုအရှိဆုံး မြန်မာ့ရုပ်ရှင်ထူးချွန်ဆု အကယ်ဒမီဆုပေးပွဲကို ၁၉၅၂ ခုနှစ်တွင် စတင်ကျင်းပခဲ့သည်။ ၁၉၅၂ ခုနှစ်နှင့် ၁၉၅၃ ခုနှစ်တို့တွင် အကောင်းဆုံးဇာတ်ကားဆု(ပ၊ ဒု၊ တ)၊ အကောင်းဆုံးအမျိုးသားပညာသည်ဆုနှင့် အကောင်းဆုံးအမျိုးသမီးပညာသည်ဆု ဟူ၍ ရုပ်ရှင်ထူးချွန်ဆုသုံးမျိုးသာ သတ်မှတ်ချီးမြှင့်ခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် ဒါရိုက်တာထူးချွန်ဆုကို တိုးမြှင့်ချီးမြှင့်ခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် ဇာတ်ကားထူးချွန်ဆုကို ပထမ၊ ဒုတိယ၊ တတိယဆုဟူ၍ မခွဲခြားတော့ဘဲ အကောင်းဆုံး ဇာတ်ကားတစ်ဆုတည်းကိုသာ ရွှေကိန္နရီရုပ် ချီးမြှင့်ခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ရုပ်ရှင်ဓာတ်ပုံထူးချွန်ဆုတစ်ဆုကိုပါ ထပ်မံတိုးမြှင့်ခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် ဆုပုံသဏ္ဌာန်ကို ရွှေရင်ထိုး တံဆိပ်မှတစ်ပြေးညီ ရွှေကိန္နရီရွှေစင်ရုပ်သို့ စတင်ပြောင်းလဲချီးမြှင့်ခဲ့သည်။ ၁၉၆၂ ခုနှစ်မှစ၍ အမျိုးသားပညာသည်ဆုနှင့် အမျိုးသမီးပညာသည် ဆုများကို အမျိုးသားဇာတ်ဆောင်ဆု၊ အမျိုးသမီးဇာတ်ဆောင်ဆု၊ အမျိုးသားဇာတ်ပို့ဆု၊ အမျိုးသမီး ဇာတ်ပို့ဆုဟူ၍ ထပ်မံခွဲခြားကာ ထူးချွန်ဆုအရေအတွက်ကို တိုးမြှင့်ချီးမြှင့်ခဲ့သည်။



၂၀၁၂ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်သည့် အခမ်းအနားဖွင့်ပွဲအခမ်းအနား၌ ရုပ်ရှင်ချစ်အနုပညာရှင်နှင့် ဧည့်ပရိသတ်များအား တွေ့မြင်ရစဉ်။

၁၉၉၀ ပြည့်နှစ်မှစ၍ နောက်ပိုင်းကာလများတွင် ဇာတ်ကားဆု၊ ဒါရိုက်တာဆု၊ အမျိုးသားဇာတ်ဆောင်ဆု၊ အမျိုးသမီးဇာတ်ဆောင်ဆု၊ အမျိုးသားဇာတ်ပို့ဆု၊ အမျိုးသမီးဇာတ်ပို့ဆု၊ ရုပ်ရှင်ဓာတ်ပုံဆု၊ ရုပ်ရှင်ဇာတ်ညွှန်းဆု၊ ရုပ်ရှင်တေးဂီတဆု၊ ရုပ်ရှင်အသံဆု၊ ရုပ်ရှင်တည်းဖြတ်ဆု၊ တစ်သက်တာရုပ်ရှင်ထူးချွန်ဆုစသည်ဖြင့် တိုးမြှင့်ချီးမြှင့်ခဲ့သည်။

၁၉၅၂ ခုနှစ်မှ မျက်မှောက်ကာလအတွင်း မြန်မာ့ရုပ်ရှင်ထူးချွန်ဆုကို အများဆုံးဆွတ်ခူးရရှိခဲ့သူမှာ ရုပ်ရှင်သရုပ်ဆောင်ညွန့်ဝင်း(ဦး)ဖြစ်သည်။ ခုနစ်ထပ်ကွမ်း အကယ်ဒမီဆုများရှင် ညွန့်ဝင်း(ဦး)သည် ၁၉၆၈ ခုနှစ်တွင် ဗန်တိုလူလေးနဲ့သူဇာ၊ ၁၉၇၁ ခုနှစ်တွင် ချစ်သူဝိုင်းဝိုင်းလည်၊ ၁၉၈၃ ခုနှစ်တွင် တတိယအရွယ်၏ ဒုတိယဝေဒနာဇာတ်ကားတို့ဖြင့် ဇာတ်ဆောင်ဆု၊ ၁၉၉၃ ခုနှစ်တွင် သီတာခုနစ်တန်၊ ၁၉၉၇ ခုနှစ်တွင် သူ့ကျွန်မခံပြီ၊ ၂၀၀၂ ခုနှစ်တွင် ဆန်ရေ၊ ၂၀၀၄ ခုနှစ်တွင် လျှို့ဝှက်သောနှင်းဇာတ်ကားတို့တွင် ဇာတ်ပို့ဆုတို့ဖြင့် ရုပ်ရှင်အကယ်ဒမီထူးချွန်ဆုကို ခုနစ်ကြိမ်တိုင်တိုင်အများဆုံးဆွတ်ခူးရရှိခဲ့သည်။

**ထူးချွန်ဆု ခြောက်ကြိမ်တိုင်တိုင် ဆွတ်ခူး**

ဒါရိုက်တာဦးသုခက ဩော်မိန်းမ (၁၉၅၄)၊ ဘဝသံသရာ(၁၉၅၆)၊ စကားပြောသော အသည်းနှလုံး(၁၉၆၈)၊ ကျမမှာမိန်းမသား(၁၉၇၀)၊ ဘယ်သူပြိုင်လို့ လှပါတော့နိုင် (၁၉၇၃)၊ ရွှေခြည်ငွေခြည်တန်းပါလို့(၁၉၇၅) ဇာတ်ကားတို့ဖြင့်လည်းကောင်း၊ ရုပ်ရှင်သရုပ်ဆောင် ရန်အောင်က မယ်သီတာလိုမိန်းကလေး(၁၉၉၁)၊ ပုဂံမှာသာတဲ့လ(၁၉၉၅)၊ အလင်းဖျော့ကောင်းကင်(၁၉၉၆)၊ ညမင်းသား (၁၉၉၈)၊ မောဟမျဉ်းပြိုင်များ(၂၀၀၀)နှင့် ဂုဏ်ရှိန်ပြင်းတဲ့ချစ်ခြင်းသိက္ခာ(၂၀၀၆) ဇာတ်ကားတို့ဖြင့်လည်းကောင်း ရုပ်ရှင်အကယ်ဒမီ ထူးချွန်ဆုကို ခြောက်ကြိမ်တိုင်တိုင် ဆွတ်ခူးရရှိခဲ့ကြသည်။

ဒါရိုက်တာမောင်တင်ဦး၊ ဒါရိုက်တာကြည်စိုးထွန်း၊ ရုပ်ရှင်ဓာတ်ပုံပညာရှင်သန်းညွန့် (ပန်းသာ)၊ သရုပ်ဆောင်မြင့်မြင့်ခင်၊ ကျော်ဟိန်း၊ မေသန်းနုတို့က ငါးကြိမ်စီဆွတ်ခူးရရှိခဲ့ကြသည်။ ဝါရင့်ရုပ်ရှင်သရုပ်ဆောင်ကြီး ဒေါ်ကြည်ကြည်ဌေး၊ ချို့ပြုံးနှင့် မို့မို့မြင့်အောင် တို့က လေးကြိမ်စီဖြင့် လေးထပ်ကွမ်းအကယ်ဒမီဆုများရှင်တို့ဖြစ်ကြသည်။

ထိုထိုသော အကယ်ဒမီဆုများရှင်တို့၏ ပြောင်မြောက်လှသော အနုပညာပုံရိပ်များသည် ခေတ်အလိုက်ရုပ်ရှင်ဝါသနာအိုး ပရိသတ်များအတွက် ယနေ့တိုင်မမေ့နိုင်ဖြစ်ရဆဲပင်။ ၁၉၇၉ ခုနှစ်အတွက် အမျိုးသားဇာတ်ဆောင်ဆုရှင် အကယ်ဒမီကျော်ဟိန်း၊ အမျိုးသားဇာတ်ပို့ဆုရှင် အကယ်ဒမီကောလိပ်ဂျင်နေဝင်း၊ အမျိုးသမီးဇာတ်ပို့ဆုရှင် အကယ်ဒမီဒေါ်စိန်ခင်တို့ ပါဝင်သရုပ်ဆောင်ခဲ့ကြသော အကာကအချစ် အနှစ်ကမေတ္တာဇာတ်ကားဆိုပါလျှင် ရုပ်ရှင်ဝါသနာအိုးများကို ယနေ့တိုင် တီဗွီဖန်သားပြင်တွင် ဆွဲဆောင်ညို့ယူဖမ်းစားနေဆဲ။

**ဂန္ထဝင်ရုပ်ရှင် ဇာတ်ကားတစ်ကား**

ထို့အတူ ၁၉၈၅ ခုနှစ်တွင် ဇာတ်ကားဆု၊ ဒါရိုက်တာဆုနှင့် ရုပ်ရှင်ဓာတ်ပုံဆုအပါအဝင် ရုပ်ရှင်ထူးချွန်ဆု သုံးဆုဆွတ်ခူးရယူနိုင်ခဲ့သည့် သင်္ကြန်မိုးရုပ်ရှင်ဇာတ်ကားဆိုလျှင်လည်း ယနေ့တိုင် နွေဦးတွင် ပိတောက်ဖူးတို့နှင့်အတူ ထွက်ပေါ်လာစမြဲ။ မြန်မာ့ရိုးရာသင်္ကြန်နှင့် သင်္ကြန်မိုးကခွဲခြား၍ပင် မရစကောင်း။ မြန်မာ့ရိုးရာခါသင်္ကြန်၏ ဂန္ထဝင်ရုပ်ရှင်ဇာတ်ကားတစ်ကားဟုပင်ဆိုရပါမည်။

**“အကယ်ဒမီဆုများရှင်တို့၏ ပြောင်မြောက်လှသော အနုပညာပုံရိပ်များသည် ခေတ်အလိုက်ရုပ်ရှင်ဝါသနာအိုး ပရိသတ်များအတွက် ယနေ့တိုင်မမေ့နိုင်ဖြစ်ရဆဲပင်။ ၁၉၇၉ ခုနှစ်အတွက် အမျိုးသားဇာတ်ဆောင်ဆုရှင် အကယ်ဒမီကျော်ဟိန်း၊ အမျိုးသားဇာတ်ပို့ဆုရှင် အကယ်ဒမီကောလိပ်ဂျင် နေဝင်း၊ အမျိုးသမီးဇာတ်ပို့ဆုရှင် အကယ်ဒမီဒေါ်စိန်ခင်တို့ ပါဝင်သရုပ်ဆောင်ခဲ့ကြသော အကာကအချစ် အနှစ်ကမေတ္တာဇာတ်ကားဆိုပါလျှင် ရုပ်ရှင်ဝါသနာအိုးများကို ယနေ့တိုင် တီဗွီဖန်သားပြင်တွင် ဆွဲဆောင်ညို့ယူဖမ်းစားနေဆဲ”**

ထိုထိုသော ဂန္ထဝင်ရုပ်ရှင်ဇာတ်ကားများ၊ ထိုထိုသော အကယ်ဒမီဆုများရှင် အနုပညာရှင်၊ အတတ်ပညာရှင်တို့၏ ပုံရိပ်များကို ခေတ်အဆက်ဆက်မှသည် ယနေ့တိုင် ရုပ်ရှင်ဝါသနာအိုးများ တသသစွဲလမ်းနှစ်ခြိုက်ခဲ့ကြရသည်မှာ သူတို့၏ အနုပညာဝမ်းစာနှင့် ပရော်ဖက်ရှင်နယ်ပီသသော အနုပညာဖန်တီးမှုများကြောင့်သာ ဖြစ်ပေသည်။

ထိုထိုသောအနုပညာရှင်များ ဘယ်ဘာသာကိုးကွယ်သည်၊ ဘယ်လိုနိုင်ငံရေး ခံယူချက်ရှိသည်၊ ဘာလူမျိုးဖြစ်သည် စသည်တို့ကား ရုပ်ရှင်ချစ်ပရိသတ်များအဖို့ အရေးမကြီး။ ရုပ်ရှင်ပိတ်ကားထက်သို့ ယူဆောင်လာရမည့် ကိစ္စလည်းမဟုတ်။ အရေးကြီးသည်မှာ ကျရာဇာတ်ညွှန်းဇာတ်ရုပ်တွင် ပရော်ဖက်ရှင်နယ်ပီသစွာ ဆေးစက်ကျရာ အရုပ်ထင်နိုင်ရေးသာဖြစ်သည်။

အမေရိကန် နိုင်ငံရေးလောကတွင်လည်း ရုပ်ရှင်၊ ဂီတအနုပညာရှင်များသည် ရွေးကောက်ပွဲအကြိုကာလများတွင် သူတို့သဘောကျနှစ်သက်ရာ ဒီမိုကရက်တစ်နှင့် ရီပတ်ဘလစ်ကန်ပါတီတို့၏ မဲဆွယ်ပွဲများတွင် ရံဖန်ရံခါလိုက်ပါ မဲဆွယ်ပေးလေ့ရှိသည်။ သို့သော် မဲဆွယ်ကာလ ပြီးဆုံးသွားလျှင်မူ တစ်ခန်းရပ်သွားသည်။ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်း ပရော်ဖက်ရှင်နယ်လုပ်ငန်းအတွင်းသို့ သယ်ဆောင်လာခြင်း မရှိပေ။

အသက်အရွယ်ကလည်းရ၊ နိုင်ငံရေးပိုးဓာတ်အခံကလည်းရှိနေသူ အနုပညာရှင် အချို့သာလျှင် အနုပညာဇာတ်ခုံမှ နိုင်ငံရေးဇာတ်ခုံသို့အပြီးတိုင် ကူးပြောင်းသွားခဲ့ကြသည်။ ယင်းတို့အနက် ရုပ်ရှင်မင်းသားမှ အမေရိကန်သမ္မတဖြစ်လာသူ ရော်နယ်ရီဂင်နှင့် ကယ်လီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူးဖြစ်ခဲ့သူ ရုပ်ရှင်သရုပ်ဆောင် အာနိုးတို့မှာ ထင်ရှားခဲ့ကြသည်။

မည်သို့ဆိုစေ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်ဟု ခံယူထားသူအနုပညာရှင်များ၏ အဓိက ပရော်ဖက်ရှင်နယ် အသက်မွေးဝမ်းကျောင်းအလုပ်မှာမူ ရုပ်ရှင်သည် ပြည်သူအတွက်ဟု ခံယူပြီး ပြည်သူတို့၏ နွမ်းနယ်နေသော စိတ်နှလုံးကို ကြည်သာရွှင်ပြုံးစေရန်၊ ဘဝအမောတို့ကို တဒင်္ဂဖြေဖျောက်စေရန်၊ လူ့ဘုံခန်းဝါတွင် ဖြစ်ဖြစ်သမျှ ဖြစ်လေ့ဖြစ်ထရှိတတ်သော ဘဝသင်ခန်းစာတို့ကို မိမိတို့တတ်စွမ်းသည့် ရုပ်ရှင်အနုပညာ စွမ်းပကားဖြင့် ပညာပေးရန်၊ ဖျော်ဖြေပေးရန်သာဖြစ်သည်။ ဤသည်ကပင်ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်တို့၏ အမွန်မြတ်ဆုံး ဂုဏ်ဒြပ်တစ်ခုသာဖြစ်ပေသည်။

အနုပညာဝမ်းစာ၊ အနုပညာစွမ်းပကားပြည့်ဝလာသည်နှင့်အမျှ ပရော်ဖက်ရှင်နယ် ပီသသော အနုပညာလောကသားများကို နိုင်ငံတော်နှင့်ပြည်သူတို့ကလည်း အစဉ်ထာဝရ အားပေးချီးမြှောက်လျက်ရှိသည်။

လက်ရှိနိုင်ငံတော်အစိုးရက ၂၀၂၃ ခုနှစ် မေလ ၆ ရက်နေ့တွင် ၁၉၅၂ ခုနှစ် ကတည်းကစတင်၍ အစဉ်အလာကြီးမားစွာကျင်းပခဲ့သော မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲကို နေပြည်တော်မြို့တော်ခန်းမအနီးရှိ လဟာပြင်ကဇာတ်ရုံ၌ ခမ်းနားသိုက်မြိုက်စွာကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ယခုနှစ်ကျင်းပမည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲကား ထူးခြားလှသည်။ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် မချီးမြှင့်နိုင်ခဲ့သည့် ၂၀၁၉၊ ၂၀၂၀၊ ၂၀၂၂ ခုနှစ် သုံးနှစ်စာအတွက် ချီးမြှင့်ပေးအပ်သွားမည်ဖြစ်သောကြောင့်ပင်။ *စာမျက်နှာ ၁၇ သို့*

## ဟိုပန်၌ မြို့နယ်လုံးကျွတ် သဲပုံစေတီလှူဒါန်းပွဲနှင့် နတ်နန်းကန်တော့ပွဲကျင်းပ

**ဟိုပန် မေ ၂၆**
“ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ်၌ ဒေသထုံးတမ်းအစဉ်အလာအရ ရိုးရာမပျက် မြို့နယ်လုံးကျွတ် သဲပုံစေတီလှူဒါန်းပွဲနှင့် နတ်နန်းကန်တော့ပွဲကို မေ ၂၆ ရက်က ဟိုပန်မြို့ မန်မိုင်ရပ်ကွက်ရှိ ကိုးမြို့ရှင်နတ်နန်းကြီး၌ စည်ကားစွာ ကျင်းပသည်။

ဟိုပန်မြို့နယ်၌ မြန်မာ့ရိုးရာနှစ်သစ်ကူး အခါသမယ မဟာသင်္ကြန်ပွဲတော်ပြီးချိန် နှစ်ဆန်း ၁ ရက်နေ့မှစတင်ကာ မြို့နယ်အတွင်းရှိဘုန်းတော်ကြီးကျောင်းများနှင့် သက်ကြီးဘိုးဘွားများကို ရပ်ကွက်အလိုက် စုပေါင်းပြီး လိုက်လံကန်တော့လေ့ရှိကြောင်းနှင့် ကန်တော့အပြီး နောက်ဆုံးနေ့တွင် ယခုလို မြို့နယ်လုံးကျွတ် သဲပုံစေတီလှူဒါန်းပွဲနှင့် နတ်နန်းကန်တော့ပွဲကို ကျင်းပကာ နှစ်သစ်မင်္ဂလာအခါကိုယူကြောင်း၊ ပွဲကို လာရောက်ကြသည့် ဒေသခံတိုင်းရင်းသား ပြည်သူများက နှစ်သစ်တွင် မိသားစုအားလုံး ကျန်းမာရေး၊ စီးပွားရေးစသည်များကို ယခင်နှစ်ထက် ပိုမိုတိုးတက်အောင်မြင်ဖြစ်ထွန်းကြစေရန် ဆုမွန်ကောင်းတောင်းကြပြီး ဒေသထုံးတမ်းအစဉ်အလာမပျက် ပွဲကျင်းပခြင်းဖြစ်ကြောင်း ပွဲကျင်းပရေးကော်မတီထံမှ သိရသည်။

ယင်းပွဲတော်တွင် ဟိုပန်မြို့နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားများအပြင် မြို့နယ်အနီးပတ်ဝန်းကျင်ရှိ လောက်ကိုင်ဒေသ၊ ကွမ်းလုံဒေသနှင့် တရုတ်ပြည်ဘက်ခြမ်း မိန်းတိန်မြို့မှ ရှမ်းတိုင်းရင်းသား ကုသိုလ်ရှင်များလည်း လာရောက်၍ ပူဇော်ကန်တော့လှူဒါန်းမှုများ ပြုလုပ်ခဲ့ကြသည်။

သဲပုံစေတီလှူဒါန်းပွဲနှင့် နတ်နန်းကန်တော့ပွဲတွင် ဟိုပန်မြို့နယ်အတွင်းရှိ ရပ်ကွက်အလိုက် ပင့်ဖိတ်ခဲ့ကြသည့် ဘုန်းတော်ကြီးကျောင်း ၁၃ ကျောင်းမှ သံဃာတော် ၂၄ ပါးနှင့် ရှင်သာမဏေ ၁၃၂ ပါးတို့က အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခဲ့ကြကာ ပွဲတော်သို့ လာရောက်ကြသည့် ကုသိုလ်ရှင်၊ အလှူရှင်များက လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများအား ဆက်ကပ်လှူဒါန်း ကုသိုလ်ပြုခဲ့ကြကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**

## ရှမ်းပြည်နယ် ဝန်ကြီးချုပ် ကျောက်မဲခရိုင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံများနှင့် တွေ့ဆုံ

**သီပေါ မေ ၂၆**
ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ကျောက်မဲခရိုင်အတွင်းရှိ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား ကျောက်မဲမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံသည်။(ယာပုံ)



ရှေးဦးစွာ ကျောက်မဲခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့်ဦးက ဒေသဆိုင်ရာအချက်အလက်များကိုလည်းကောင်း၊ သီပေါ၊ ကျောက်မဲ၊ နောင်ချိုမြို့နယ်များမှ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာ၊ ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးနှင့် မြို့နယ်လိုအပ်ချက်များကိုလည်းကောင်း တင်ပြကြရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများကို ရှမ်းပြည်နယ် ဝန်ကြီးချုပ်က သက်ဆိုင်ရာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများသို့ ပေးအပ်သည်။ ထို့နောက် ရှမ်းပြည်နယ် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခန်းမအတွင်း ခင်းကျင်းပြသထားသော အသေးစား၊ အလတ်စား၊ အငယ်စား စက်မှုလက်မှုပြခန်းကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ရှမ်းပြည်နယ် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေသော ဒေသခံလူနာများအား ကြည့်ရှုအားပေးပြီး ငွေနှင့် စားစရာအာဟာရများ ထောက်ပံ့ပေးအပ်၍ မွေးတော်မွေးမြူရေးဇုန် ကြက်မွေးမြူရေးလုပ်ငန်းကို ကြည့်ရှုအားပေးကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## မိတ္ထီလာမြို့နယ်၌ အာမခံအလုပ်သမား ၇၅ဦးတို့အတွက် အကျိုးခံစားခွင့်များ ထုတ်ပေး

**မိတ္ထီလာ မေ ၂၆**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် လူမှုဖူလုံရေးအဖွဲ့က ၂၀၁၂ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုအတွက် အကျိုးခံစားခွင့်နှင့် အလုပ်တွင်ထိခိုက်မှုကြောင့် အမြဲတမ်း လုပ်အားဆုံးရှုံးမှု ၇၅ ရာခိုင်နှုန်း အမြဲတမ်း မသန်စွမ်းမှု ငွေလုံးငွေရင်း အကျိုးခံစားခွင့် ထုတ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦး က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအကြောင်း သိကောင်းစရာများ ရှင်းလင်းပြောကြားသည်။ ယင်းနောက် ဒုတိယညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦးက မြို့နယ်လူမှုဖူလုံရေးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော Max Energy စက်သုံးဆီ(၁)မှ ဦးရဲမင်း၏ အလုပ်တွင် ထိခိုက်မှုကြောင့် အမြဲတမ်းလုပ်အားဆုံးရှုံးမှု ၇၅ ရာခိုင်နှုန်း အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်း အကျိုးခံစားခွင့် ငွေကျပ် ၁၃၂၃၀၀၀၀ ပေးအပ်သည်။ ယင်းနောက် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးကြည်နှင့် တာဝန်ရှိသူများက တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ ၊ AMDA Microfinance ၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း အမှတ်(၈)အထည်ချုပ် (ပျော်ဘွယ်)နှင့် Petro Sevenတို့မှ အာမခံသူ အလုပ်သမား ၇၄ဦး၏ ဆေးဖိုးကုန်ကျငွေကျပ် ၂၆၁၈၃၆၆၂ တို့ကို ပေးအပ်ခဲ့ရာ Max Energy စက်သုံးဆီမှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါအခမ်းအနားကို မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တိုင်းဒေသကြီးတာဝန်ခံအရာရှိနှင့် တာဝန်ရှိသူများ၊ မြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများမှ တာဝန်ရှိသူများ တက်ရောက်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

*စာမျက်နှာ ၁၆ မှ*
အကယ်ဒမီဆုရှင် အနုပညာရှင်၊ အတတ်ပညာရှင်များကိုလည်း ရွေးချယ်ကျပ်သားရှိ အကယ်ဒမီရွှေစင်ရုပ်တုများကို ချီးမြှင့်ပေးအပ်သွားမည်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကလည်း ၂၀၁၉-၂၀၂၀-၂၀၂၂ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်လာမည့် အကယ်ဒမီရရှိပြီးသော အနုပညာရှင်၊ အတတ်ပညာရှင်များအား ရွှေအစစ်ဖြင့် ပြုလုပ်ထားသည့် အကယ်ဒမီပုံရွှေရင်ထိုးများကို အခမ်းအနားကျင်းပမည့် Red Carpet ရွှေစင်ထိုးအခန်းတွင် ပေးအပ်ချီးမြှင့်သွားမည်ဟု သိရသည်။

သို့ဆိုလျှင် မေ ၆ ရက်တွင် ကျင်းပမည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားသည် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင် ရုပ်ရှင်လောကသားများအတွက်သာမက ရုပ်ရှင်ချစ်ပရိသတ် ရုပ်ရှင်ဝါသနာအိုးများအတွက်ပါ ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာ အခမ်းအနားတစ်ခုဖြစ်သလို ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် အခိုက်အတန့်အားဖြင့် ရုပ်ရှင်ပရိသတ်နှင့် အဆက်ပြတ်သွားခဲ့သော သမိုင်းအစဉ်အလာ ကြီးမားခဲ့သည့် မြန်မာ့ရုပ်ရှင် လောကကြီး ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း မောင်းနှင်အားတစ်ရပ်ဟု ရှုမြင်သုံးသပ်မိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂၆**
အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၃)ရပ်ကွက်နေ ဝင်းဝင်းကျော်သည် ၎င်းအသုံးပြုသည့် “Win Win Kyaw” Facebook အကောင့်၊ သန်လျင်မြို့နယ် အမှုထမ်းရပ်ကွက်နေ ကြူကြူလှိုင်သည် ၎င်းအသုံးပြုသည့် “Kyu Kyu Hlaing” Facebook အကောင့်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ရန်အောင်မြေရပ်ကွက်နေ နန်းတယ်မီစိုးသည် ၎င်းအသုံးပြုသည့် “Nan Tal Me Soe” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ ယနေ့စတင်မည်ဖြစ်ပြီး အုပ်စု (က) ပွဲစဉ်များ ကျင်းပမည်

**ရန်ကုန် ဧပြီ ၂၈**

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ အမျိုးသားဘောလုံးပြိုင်ပွဲကို ဧပြီ ၂၉ ရက် **(ယနေ့)** စတင်ကျင်းပမည်ဖြစ်ပြီး အုပ်စု (က) ပွဲစဉ်များ စတင်ကျင်းပမည်ဖြစ်သည်။

ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲများကို ဧပြီ ၂၉ ရက်မှ မေ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စု (က) တွင် အိမ်ရှင် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ တီမော၊ အုပ်စု (ခ)တွင် ဗီယက်နမ်၊ ထိုင်း၊ မလေးရှား၊ စင်ကာပူနှင့် လာအိုတို့ ပါဝင်နေသည်။ အုပ်စု (က) ပထမနေ့တွင် မြန်မာအသင်း ပွဲစဉ်မပါဝင်ဘဲ ကျန်လေးသင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အုပ်စုပထမနေ့အဖြစ် ဧပြီ ၂၉ ရက်**(ယနေ့)** မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် အင်ဒိုနီးရှားအသင်းနှင့် ဖိလစ်ပိုင်အသင်း၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် အိမ်ရှင် ကမ္ဘောဒီးယားအသင်းနှင့် တီမောအသင်းတို့ စတင်ကစားမည်ဖြစ်သည်။

အုပ်စု(က)တွင် ဆီမီးဖိုင်နယ်တက်ရောက်ရန် အင်ဒိုနီးရှား၊ မြန်မာနှင့် ကမ္ဘောဒီးယားတို့ အခြေအနေကောင်းနေပြီး ယင်းသုံးသင်း အပြိုင်လုရဖွယ် ရှိနေသည်။ မြန်မာအသင်းသည် ဧပြီ ၂၉ ရက် ကျင်းပမည့် အုပ်စု (က) ပထမနေ့တွင် ပွဲစဉ်မပါဝင်ဘဲ မေ ၂ ရက်မှ စတင်ကစားရမည်ဖြစ်သည်။

သို့သော် အုပ်စုလေးပွဲကို မေ ၂ ရက်မှ ၁၀ ရက်အထိ ကိုးရက်အတွင်း ကစားရမည်ဖြစ်သည်။

ကိုညီလေး

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှု တစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင် ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## (၃၄) ကြိမ်မြောက် အာဆီယံ လူမှု - ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးကျင်းပ




**နေပြည်တော် ဧပြီ ၂၈**

၂၀၂၃ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူထားသည့် အင်ဒိုနီးရှားနိုင်ငံမှ ကြီးမှူး၍ (၃၄)ကြိမ်မြောက် အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက Online စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ အာဆီယံ လူမှု - ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ အဆင့်မြင့် အရာရှိကြီးဖြစ်သူ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့် (SOCA Leader) ဦးဆောင်၍ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြသည်။

(၃၄) ကြိမ်မြောက် အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ လူသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ယဉ်ကျေးမှုရေးရာ ညှိနှိုင်းရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးညှိနှိုင်းမှု ဝန်ကြီး၏ ဝါရင့်အကြံပေးပုဂ္ဂိုလ် Dr. Joko Kusnanto Anggoro က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ကျန်းမာရေး ကတိကဝတ်ပြုမှုဆိုင်ရာ အာဆီယံခေါင်းဆောင်များ၏ ကြေညာချက်၊ အကျပ်အတည်း အခြေအနေများတွင် ရွှေ့ပြောင်း အလုပ်သမားများနှင့် မိသားစုဝင်များကို အကာအကွယ်ပေးရေး အာဆီယံကြေညာစာတမ်း၊ ရွှေ့ပြောင်းငါးဖမ်းလုပ်သားများ နေရာချထားရေးနှင့် ကာကွယ်ရေးဆိုင်ရာ အာဆီယံကြေညာစာတမ်းနှင့် အာဆီယံကျေးရွာကွန်ရက် တည်ထောင်ရေးဆိုင်ရာအာဆီယံခေါင်းဆောင်များ၏ ထုတ်ပြန်ချက်တို့နှင့် ပတ်သက်၍ လည်းကောင်း၊ ဘန်ဒါဆရီဘီဂါဝန် ကြေညာစာတမ်းပါ အာဆီယံ၏ အရေးပေါ် အခြေအနေများနှင့် ဘေးအန္တရာယ်များဆိုင်ရာ တုံ့ပြန်မှုများကို ချိတ်ဆက်ရန် အာဆီယံမဟာဗျူဟာနှင့် အကောင်အထည်ဖော်ရေးဆိုင်ရာ လတ်တလောအခြေအနေများ (ASEAN SHIELD) နှင့် အာဆီယံအသိုက်အဝန်း၏ ၂၀၂၅ အလွန် မျှော်မှန်းချက်ဆိုင်ရာ Ha Noi ကြေညာစာတမ်း၏ နောက်ဆက်တွဲအဖြစ် အဆင့်မြင့် လုပ်ငန်းအဖွဲ့ High-Level Task Force (HLTF) အစည်းအဝေးများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ဆက်လက်၍ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးက အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်း မဏ္ဍိုင် လမ်းညွှန်အခြေပြမြေပုံ ၂၀၂၅ နှစ်လယ် အစီရင်ခံစာ ရေးသားတင်သွင်းခဲ့မှု၊ ကဏ္ဍစုံ မဏ္ဍိုင်စုံ ပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံ လူမှု - ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင်၏ ဆက်စပ်လုပ်ငန်းအစုအဖွဲ့များနှင့် ASEAN Comprehensive Recovery Framework (ACRF) နှင့် ၎င်း၏ အကောင်အထည်ဖော်ရေး အစီအစဉ်၊ စတုတ္ထမြောက် စက်မှုတော်လှန်ရေးတွင် စုစည်းထားသော မဟာဗျူဟာ၊ အာဆီယံ စီးပွားရေးအသိုက်အဝန်းမဏ္ဍိုင် Circular Economy ၏ မူဘောင်၊ တီမောလက်စ်တေနိုင်ငံမှ အာဆီယံအဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ရေး လျှောက်ထားလာမှု၊ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာစီမံချက် ၂၀၂၅ ၊ အာဆီယံ သုတေသနနှင့် ဖွံ့ဖြိုးမှုစကြံများ၊ အာဆီယံပြည်သူများအကြား ပိုမိုနားလည်မှု၊သင့်မြတ်မှုနှင့် ဒေသဆိုင်ရာ အစီအစဉ်များကို နားလည်သဘောပေါက်သည့် လိုက်လျောညီထွေမှုရှိသော အာဆီယံအသိုက်အဝန်း မြှင့်တင်ခြင်းဆိုင်ရာမဟာဗျူဟာပြစာအုပ်၊ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ အာဆီယံ အမြဲတမ်းကိုယ်စားလှယ်များ အဖွဲ့ရုံးအသီးသီးတွင် Secondment Officer အရာထမ်းများ တွဲဖက်ခန့်အပ်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ လည်းကောင်း၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးက (၄၂)ကြိမ်မြောက် အာဆီယံ ထိပ်သီး အစည်းအဝေးများသို့ တင်သွင်းမည့် မှတ်တမ်းမှတ်ရာ သုံးခုကို အတည်ပြုရန် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**အိမ်ပြင်ပ၌ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# နှိုးဆော်စာ

ဗုဒ္ဓအခါတော်နေ့၊ ကဆုန်လပြည့်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဝေရောစန ကျောက်စိမ်းစေတီတော် ပရိဝုဏ်အတွင်းရှိ မဟာဗောဓိပင်အား ၃-၅-၂၀၂၃ရက် ကဆုန်လပြည့်နေ့တွင် ညနေ ၃နာရီမှ ၆နာရီအထိ ဒေသခံ (ဂေါစရဂါမ်)နှင့် ဘုရားဖူးပြည်သူများမှ ညောင်ရေသွန်းလောင်းကြမည်ဖြစ်၍ ကုသိုလ်ရှင်များမှ စတုဒိသာများ ကျွေးမွေးဧည့်ခံကုသိုလ်ပြုလှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

စေတီတော်ဂေါပကအဖွဲ့

## ငြင်းချက်ထုတ်ရန်ဆင့်စာ

တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀

ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌

၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၀

ဒေါ်ခင်ခင်မြင့် နှင့် ဦးတင်လှ

တရားလို တရားပြိုင်

ဦးတင်လှ၊ အမှတ်(စ-၅၁)၊ ချယ်ရီလမ်း၊ ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့ (ယခု နေရပ်လိပ်စာမသိ)သူ သိစေရမည်။

သင့်အပေါ်၌ ဒေါ်ခင်ခင်မြင့်က မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ခုနှစ်၊ မေလ ၁၈ရက် (၁၃၈၅ ခုနှစ် ကဆုန်လကွယ်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ရုံးတော်မှ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်အတွင်း တင်သွင်းရမည်။

၂၀၂၃ခုနှစ် ဧပြီလ ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မိမိသန်း)

ခရိုင်တရားသူကြီး

ပြင်ဦးလွင်ခရိုင်တရားရုံး

## မိခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အောင်ပန်းတိုင်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-9 မှ မောင်အုပ်စိုးခန့်၏ မိခင်အမည်မှန်မှာ ဒေါ်ချိုမာ ၅/ဒပယ(နိုင်)၁၁၈၄၁၁ ဖြစ်ပါကြောင်း။

ဒေါ်ချိုမာ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
### (တင်ဒါပိတ်ရက်ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်း)

၁။ သာကေတမြို့နယ်တွင် AMI စနစ် အကောင် အထည်ဖော်ရေး လုပ်ငန်းဆောင်ရွက်ရန်အတွက်အိမ်သုံးမီတာ၊ပါဝါမီတာနှင့်မီတာဆက်စပ်ပစ္စည်းများဝယ်ယူရန်တင်ဒါအမှတ်-1(T)/ တိုင်းဒေသကြီး/ 2023-2024 ဖြင့် အဆိုပါ တင်ဒါပိတ်မည့်ရက်အား (၁၆.၅.၂၀၂၃) ရက်နေ့(၁၄:၀၀) နာရီသို့ ပြောင်းလဲပြင်ဆင်သတ်မှတ်မည်ဖြစ်ပါကြောင်းကြေငြာအပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း၊၀၁-၂၂၀၈၁၆ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
### (တင်ဒါပိတ်ရက်ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်း)

၁။ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ၂၀၂၃ -၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် အိမ်သုံးမီတာ၊ ပါဝါမီတာ နှင့် မီတာဆက်စပ်ပစ္စည်းများ ဝယ်ယူရန် တင်ဒါအမှတ်-1(T)/YESC/2023-2024 ဖြင့် တင်ဒါခေါ်ယူခဲ့ရာ အဆိုပါ တင်ဒါပိတ်မည့်ရက်အား (၁၆.၅.၂၀၂၃) ရက်နေ့(၁၄:၀၀) နာရီသို့ ပြောင်းလဲပြင်ဆင်သတ်မှတ်မည်ဖြစ်ပါကြောင်းကြေငြာအပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း၊၀၁-၂၂၀၈၁၆ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

## သွေးသည်အသက်


## ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်တွင် (၅၂)ကြိမ်မြောက် ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်မည်

**ရန်ကုန် ဧပြီ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးတွင် မြတ်စွာဘုရား၏ ပရိဘောဂစေတီတော်မြတ်ဖြစ်သည့် "မဟာဗောဓိပင်" အား ကဆုန်လပြည့် (ဗုဒ္ဓနေ့)၌ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကို ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပမည် ဖြစ်သည်။

ကဆုန်ညောင်ရေသွန်းပွဲတော် ဖွင့်ပွဲကို စေတီတော်ရင်ပြင် (တနင်္ဂနွေထောင့်) နန်းဦးဘုရား တန်ဆောင်း၌ မေ ၃ ရက် နံနက် ၆ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။ ယင်းနေ့တွင် စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်တွင်တည်ရှိသော မဟာဗောဓိပင်၌ ရဟန်းရှင်လူ ပြည်သူအပေါင်း ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်နိုင်ရန် အမွှေးနံ့သာ၊ အောင်သပြေအတာအိုးများ စီစဉ်ထားရှိကြောင်း သိရသည်။

အာကာလင်း


ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံကျေးရွာ ဂျာနယ် ထွက်ရှိ



၁-၅-၂၀၂၃ ရက်နေ့ထုတ် အတွဲ (၂၀)၊ အမှတ် (၉) တွင်

- လမြတ်ကဆုန်နှင့် ညောင်ရေသွန်းလောင်းသည့်ဓလေ့
- စီးပွားဖြစ်တွက်ခြေကိုက်စေသော မျိုးထုပ်ပြောင်းစိုက်ပျိုးပါ
- ပိုးသတ်ဆေးသုံးစွဲရာတွင် သတိပြုရမည့်အချက်များ
- ကျိုက်မရောဒေသတွင် ဒူးရင်းသီးများ ဈေးကောင်းရရှိ
- တစ်ဦးချင်းစွမ်းဆောင်ရည်မှသည် ထိရောက်အကျိုးရှိသော အဖွဲ့အစည်းသို့
- ဆိတ်မွေးမြူရာတွင် သတိပြုရမည့်အချက်များ
- ကျွဲ၊ နွားများစားသုံးနိုင်သည့် ယူရီးယားကောက်ရိုး၏အာဟာရ
- အပုဒ်ဏ်အန္တရာယ်နှင့်ကျန်းမာရေး စသည့်တို့ အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီးဖြစ်ပါသည်။

တစ်စောင် (၂၅၀) ကျပ်

အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်၊

DKY Journal

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အောင်စေတနာ(က)ရပ်ကွက်၊ (၆)လမ်း၊ မြေကွက်အမှတ်(A-၃၆၄)၊ ဦးပိုင်အမည် ဦးသောင်းစိန် (တ.က.က)အမည်ပေါက် ဧရိယာ ၀ ဒသမ ၀၆၀ အကျယ်အဝန်း၊ အလျား(၆၀)ပေ၊ အနံ(၄၀)ပေ အကျယ်အဝန်းရှိ အိမ်ဝိုင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်သူ/ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ကျင်မေဝင်း ၈/မကန(နိုင်)၁၁၀၈၃၇ အဆိုပြုသူထံမှ ဒေါ်ခင်သန်းမူ ၈/မကန(နိုင်)၀၂၂၂၀၉က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ပိုင်ရေးဆိုင်ခွင့်ရှိ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစတင်ပြီး ၁၄ ရက်အတွင်း ကျွန်မ ဒေါ်ခင်သန်းမူထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

ဒေါ်ခင်သန်းမူ

၈/မကန(နိုင်)၀၂၂၂၀၉

အမှတ်(၅၄)က၊ ၁၅ လမ်း၊ ပွဲကြိုရပ်၊ မကွေးမြို့၊

ဖုန်း-၀၉-၅၃၄၀၇၂၇


## သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News Presented by NPE www.mdn.gov.mm


## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၈ - ၄ - ၂၀၂၃

| ရွှေ | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၃၄၃၁၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၃၃၆၂၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၈၉ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၈၃ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၉၂၀ ကျပ် | ၁၉၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၀၀၀ ကျပ် | ၂၀၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၁၀ ကျပ် | ၂၀၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၇၅ ကျပ် | ၂၁၂၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၃၀၆ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၇၀ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၁ . ၅၄၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၄၃ . ၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၀ . ၈၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၃ . ၃၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၆၆၄ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၂၀၀ | ၂ | ၁၆၄၀၀ |
| MTSH | ၂၉၀၀ | ၃၀၀၀ | ၇၂၆ | ၂၁၀၈၅၀၀ |
| MCB | ၇၀၀၀ | ၇၀၀၀ | ၁၆၈ | ၁၁၇၆၀၀၀ |
| FPB | ၁၅၀၀ | ၁၄၅၀ | ၁၀၃၂ | ၁၄၉၆၄၅၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၃၀ | ၇၅၀၀၀ |
| EFR | ၂၆၀၀ | ၂၆၀၀ | ၅၄ | ၁၄၀၄၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၄၄ သိန်း | ၄၀၈၅၆ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၅ | ၁ |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၂ တိုင် | ၇ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၁။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၃ ခန်း | ၃၆၂ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၃၂. ၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆. ၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉. ၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၄၄ ခု | ၅၀၈ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈. ၅၀ | ၇၅၇၆. ၃၅ ကျင်း | - | ၇၅၇၆. ၃၅ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၆. ၅၀ | ၈၄၇၃ ကျင်း | - | ၈၄၇၃ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၄၅ သိန်း | ၁၇၃၈၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၈. ၅၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉. ၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၁၀၀၀ စုံ | ၅၇၄ စုံ | ၄၂၆ စုံ |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၂၂၁ စုံ | ၂၇၉ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၀၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## မန္တလေးနည်းပညာတက္ကသိုလ်
## (၂၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာ ခေါ်ယူခြင်း

၁။ မန္တလေးနည်းပညာတက္ကသိုလ်တွင် ဖွင့်လှစ်သင်ကြားခဲ့ပြီး ၂၀၂၂ ခုနှစ် နောက်ပိုင်းမှစ၍ ဘွဲ့ရစာမေးပွဲ အသီးသီးကို အောင်မြင်ခဲ့ကြသည့် အင်ဂျင်နီယာ၊ ဗိသုကာနှင့် ဇီဝနည်းပညာဆိုင်ရာဘွဲ့၊ မဟာဘွဲ့နှင့် ပါရဂူဘွဲ့ရရှိခဲ့သူများအတွက် ဘွဲ့နှင်းသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

| | | |
|---|---|---|
| အစမ်းလေ့ကျင့်ရက် | - | ၂၇-၅-၂၀၂၃ရက်၊ (စနေနေ့) နံနက် ၉နာရီမှ ၁၁ နာရီအထိ (အင်ဂျင်နီယာနှင့် ဗိသုကာဘွဲ့၊ ပါရဂူဘွဲ့၊ မဟာဘွဲ့သင်တန်းများအားလုံး) |
| ကျင်းပမည့်နေ့ရက် | - | ၂၈-၅-၂၀၂၃ရက်၊ (တနင်္ဂနွေနေ့) |
| ကျင်းပမည့်အချိန် | - | နံနက် ၉နာရီမှ ၁၁ နာရီအထိ (အင်ဂျင်နီယာနှင့် ဗိသုကာဘွဲ့၊ ပါရဂူဘွဲ့၊ မဟာဘွဲ့သင်တန်းများအားလုံး) |
| ကျင်းပမည့်နေရာ | - | မန္တလေးနည်းပညာတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ |
| ဘွဲ့နှင်းသဘင်ကြေး | - | တက်ရောက် ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ) အဝေးရောက် ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ) (လျှောက်လွှာနှင့် အတူ ပေးသွင်းရန်) |
| လျှောက်လွှာတင်သွင်းရမည့်ရက် | - | ၂-၅-၂၀၂၃ရက်မှ ၁၂-၅-၂၀၂၃ရက်အထိ |

၂။ လျှောက်လွှာ တင်သွင်းရာတွင် ဘွဲ့နှင်းသဘင်တက်ရောက်မည် (သို့မဟုတ်)အဝေးရောက်ယူမည်ကို တိကျစွာဖော်ပြရမည့်အပြင် တစ်လအတွင်း ရိုက်ကူးထားသော ၂ လက်မ ၁လက်မခွဲအရွယ် ဓာတ်ပုံ(၄)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ မိတ္တူတို့နှင့် အတူ ပူးတွဲလျှောက်ထားရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး တက်ရောက်ရန် ပျက်ကွက်ခဲ့ပါက ဘွဲ့လက်မှတ်ကို (၁)နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။ ၂၀၂၂ ခုနှစ် ဧပြီလ ၃၀ရက်နေ့ မတိုင်မီ ဘွဲ့ရအောင်စာရင်းထုတ်ပြန်ခဲ့သော ဘွဲ့ရရှိခဲ့သူများသည် အဝေးရောက်ဘွဲ့အတွက် လျှောက်ထားရမည်။

၃။ အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်တက်ရောက်မည့်သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် လျော်ညီသော မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍တက်ရောက်ရမည်။ အကယ်၍ သတ်မှတ်ထားသည့်အတိုင်း ဝတ်ဆင်ခြင်းမရှိပါက ဘွဲ့နှင်းသဘင်အခမ်းအနားကို တက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။

၄။ ဘွဲ့ဝတ်စုံများကို ၂၄-၅-၂၀၂၃ရက် နံနက် ၁၀နာရီမှစ၍ သင်တန်းရေးရာဌာနတွင် ထုတ်ပေးမည်ဖြစ်သည်။

မှတ်ချက် ။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မန္တလေးနည်းပညာတက္ကသိုလ် သင်တန်းရေးရာဌာန(ဖုန်း- ၀၉- ၂၀၁၆၅၀၉) တွင် စုံစမ်းနိုင်ပါသည်။

**ဌာနကြီးမှူး၊ သင်တန်းရေးရာ**
**မန္တလေးနည်းပညာတက္ကသိုလ်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၁၆/၂၊ မြေကွက်အမှတ် ၄၂/က၊မြေကွက်တည်နေရာ အမှတ် ၄၂/က၊ သုဒဿန ၁လမ်း၊ (၁၆/၂)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ဒေါ်ကြည်ကြည် ၁၂/သဃက(နိုင်)၀၈၂၁၈၂ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ကြည်ကြည်(မိခင်)သည် ၂၆-၆-၂၀၀၃ ရက်တွင်လည်းကောင်း၊ဦးကျော်ဝေ(ဖခင်)သည် ၂၄-၆-၂၀၀၅ ရက်တွင်လည်းကောင်း၊ အသီးသီးကွယ်လွန်သဖြင့် ဒေါ်နီလာဝေ ၁၂/သဃက(နိုင်)၁၃၄၂၈၆ က တရားဝင်အမွေဆက်ခံခွင့်ရှိသည့် သမီးတော်စပ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိကြောင်း ကျမ်းကျိန်လွှာ အမှတ် ၂၈၃၀/၂၀၂၃(၆-၂-၂၀၂၃)၊သေစာရင်း၊အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်သည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/တပင်ရွှေထီးရပ်၊ တပင်ရွှေထီးရပ်ကွက်ရှိ တသဇော်သက်ဦး(ကိုယ်ပိုင်အမှတ် ၈၆၆၀၁၅)၊ မှတ်ပုံတင်အမှတ် ၁၃/ကမန(နိုင်)၀၆၇၈၄၃ (ဘ)ဦးကြီးငွေ အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င)၃၈၅၃ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်ငြိမ်းငြိမ်းအောင် ၁၂/မဂဒ (နိုင်)၀၉၇၅၆၇ (ဘ)ဦးစိုးတင့်မှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ တသဇော်သက်ဦး သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိအဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၃-၂၀၂၄ ခု ၊ ဘဏ္ဍာရေးနှစ်အတွင်းကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ငွေလုံးငွေရင်းအသုံးစရိတ်မှ စက်ကိရိယာပစ္စည်း(၂၇)မျိုးနှင့် သာမန်အသုံးစရိတ်မှ ရုံးအသုံးအဆောင် ပစ္စည်း(၁၉)မျိုးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူခြင်းတို့အတွက် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပြီး တင်ဒါပုံစံများကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ရုံးအမှတ်(၂၉) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

**စက်ကိရိယာပစ္စည်း(၂၇)မျိုး**

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက် | - | ၂-၅-၂၀၂၃ရက်မှ၁၅-၅-၂၀၂၃ရက်အထိ |
| တင်ဒါပိတ်မည့်ရက်နှင့် အချိန် | - | ၁၆-၅-၂၀၂၃ရက်၊ (အင်္ဂါနေ့) (၁၄:၀၀)နာရီ |
| တင်ဒါဖွင့်ဖောက်မည့်ရက် | - | ၂၃-၅-၂၀၂၃ရက်၊ (အင်္ဂါနေ့) |

**ရုံးအသုံးအဆောင် ပစ္စည်း(၁၉)မျိုး**

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက် | - | ၂-၅-၂၀၂၃ရက်မှ၁၆-၅-၂၀၂၃ရက်အထိ |
| တင်ဒါပိတ်မည့်ရက်နှင့် အချိန် | - | ၁၇-၅-၂၀၂၃ရက်၊ (ဗုဒ္ဓဟူးနေ့) (၁၄:၀၀)နာရီ |
| တင်ဒါဖွင့်ဖောက်မည့်ရက် | - | ၃၁-၅-၂၀၂၃ရက်၊ (ဗုဒ္ဓဟူးနေ့) |

၃။ တင်ဒါတင်သွင်းရန် တင်ဒါလျှောက်လွှာပုံစံ ဝယ်ယူသည့်နေရာတွင်ပြန်လည်တင်သွင်းရမည်ဖြစ်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(အစည်းအဝေးခန်းမ)၊ ရုံးအမှတ်(၂၉)၊ နေပြည်တော်တွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ပါသည်။

၄။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ Website www.motc.gov.mm နှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ Website www.rtad.gov.mm, www.myanmarrtad.com တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၄၀၅၁၆၅၊၀၆၇-၄၀၅၀၉၈**

## သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် တံတားတည်ဆောက်ရေးအဖွဲ့မှ ဆောင်ရွက်မည့် ကျေးလက်တံတားလုပ်ငန်းများအား သတ်မှတ်ဘဏ္ဍာရေးနှစ်တွင် အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းသုံးပစ္စည်း (M.S Rod သံချောင်းလုံးဆိုဒ်စုံ)ဝယ်ယူလိုပါသဖြင့် တိုင်းရင်းသားပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါကဖြည့်တင်းရေးဌာနခွဲ၊ဖုန်း-၀၆၇-၃၄၀၇၈၅၇နှင့် တံတားတည်ဆောက်ရေးအဖွဲ့၊ ဖုန်း-၀၆၇-၃၄၀၇၈၄၄တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

| | | | |
|---|---|---|---|
| (က) | တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | - | ၄-၅-၂၀၂၃ရက်မှ ၁၅-၅-၂၀၂၃ရက် |
| (ခ) | တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက်/အချိန် | - | ၁၉-၅-၂၀၂၃ရက် ၁၆:၃၀ နာရီ |
| (ဂ) | တင်ဒါလျှောက်လွှာ ဝယ်ယူတင်သွင်းနိုင်သည့်နေရာ | - | ဖြည့်တင်းရေးဌာနခွဲ၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) |
| (ဃ) | လုပ်ငန်းတင်ဒါဖွင့်မည့်ရက်/အချိန် | - | တင်ဒါကုမ္ပဏီများအားပြန်လည်အကြောင်းကြားသွားမည်ဖြစ်ပါသည်။ |

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၃-အမ်၊ မြေကွက်အမှတ်-၁၊ (အမှတ်-၆/ဂ- သစ်တောလမ်း၊ စော/အနောက်ရပ်ကွက်ဟုခေါ်တွင်သော) (၂)ခန်းတွဲ (၃)ထပ်တိုက် အဆောက်အအုံအနက်မှ မြေညီထပ်(ခြေရင်း) (ဘီ)ခြမ်း အကျယ်အဝန်း (၁၅ပေx၄ပေ၅၀)ခန့်ရှိ တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်ခင်ထွေး ၁၂/အလန(နိုင်)၀၁၂၉၉၉ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်ပြီး ပိုင်ရေး ဆိုင်ခွင့်ရှိပါကြောင်း ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ပြည့်မြောက်သည်အထိ လာရောက်ကန့်ကွက်မှုတစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ်အလွှဲအပြောင်းကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| ဦးမျိုးမြင့်အောင် | ဦးအေးမင်းသူ | ဒေါ်လင်းလင်းကြည် |
| စဉ်-၂၅၁၆၅ | စဉ်-၂၆၁၉၉ | စဉ်-၄၆၃၂၈ |

**အထက်တန်းရှေ့နေများ**
**အမှတ်-၅၈/၆၀(ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆၊ ၀၉-၄၂၅၂၈၈၆၅၁**

## မန္တလေးတိုင်းဒေသကြီး
## အားကစားနှင့် ကာယပညာဦးစီးဌာန
## တင်ဒါခေါ်ယူခြင်း

၁။ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးငွေလုံးငွေရင်းဖြင့် ဆောင်ရွက်မည့် Lot (၄)ခုကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် | - | ၁-၅-၂၀၂၃ရက်မှ ၁၅-၅-၂၀၂၃ရက် အထိ(ရုံးချိန်အတွင်း) |
| တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက်/အချိန် | - | ၁၆-၅-၂၀၂၃ရက် (ရုံးချိန်အတွင်း) |
| တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်/အချိန် | - | ထပ်မံကြေညာပါမည်။ |
| တင်ဒါဖွင့်ပွဲကျင်းပမည့် နေရာ | - | တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန၊ လမ်း (၃၀)၊ (၇၀x၇၁) လမ်းကြား၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ဖုန်း-၀၂-၄၀၆၀၂၆၃၊ ၀၉-၄၂၆၈၀၄၁၇၂၊၀၉-၉၈၇၇၂၅၇၇၃**

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ် [ ၁(ပစ)/(၂၀၂၃-၂၀၂၄)ဘဏ္ဍာနှစ်]

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာနမှ (၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်) ပြည်ထောင်စု/တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်မည့် လမ်း-တံတားတည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သည့် ကတ္တရာ (၈၀/၁၀၀)၊ ဘိလပ်မြေနှင့် သံချောင်းလုံး(ရှယ်စုံ)တို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသော လုပ်ငန်းရှင်များ အား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်/အချိန် | - | ၈-၅-၂၀၂၃ရက် (ရုံးချိန်အတွင်း) |
| (ခ) | အိတ်ဖွင့်တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန် | - | ၂၃-၅-၂၀၂၃ရက် ညနေ ၁၅:၀၀ နာရီထိ |
| (ဂ) | တင်ဒါအာမခံကြေး (PO) တင်သွင်းရမည့်ရက်/အချိန် | - | ၂၄-၅-၂၀၂၃ရက် ညနေ ၁၆:၀၀ နာရီထိ |
| (ဃ) | အိတ်ဖွင့်တင်ဒါစိစစ် ရွေးချယ်မည့်နေရာ | - | ထပ်မံကြေညာပါမည်။ |
| (င) | အိတ်ဖွင့်တင်ဒါဖွင့်မည့် ရက်/အချိန် | - | ထပ်မံကြေညာပါမည်။ |

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တယ်လီဖုန်းနံပါတ် ၀၉-၈၈၆၈၂၇၇၉၇သို့ ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း မေးမြန်းနိုင်ပါသည်။

**(တင်ဒါကော်မတီ)**

## ကယားပြည်နယ်မီးသတ်ဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ကယားပြည်နယ်မီးသတ်ဦးစီးဌာနမှ အောက်ဖော်ပြပါ ဝယ်ယူရေးလုပ်ငန်းများအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

**ပစ္စည်းဝယ်ယူရေးလုပ်ငန်း**

(က) မီးငြိမ်းသတ်ယာဉ် (၂)စီးနှင့် မီးသတ်ရေသယ်ယာဉ် (၂)စီး

(ခ) မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ၊ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများနှင့် ရုံးသုံးစက်ရိယာပစ္စည်းများ

(ဂ) Command and Control Center နှင့် တွဲဖက်အသုံးပြုမည့်ပစ္စည်းများ၊ Drone with Thermal Imaging Camera

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၈-၄-၂၀၂၃ရက်မှ ၁၂-၅-၂၀၂၃ရက်ထိ နေ့စဉ်ရုံးချိန်အတွင်း လာရောက် ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများကို ၁၂-၅-၂၀၂၃ရက်အထိ ရုံးချိန်အတွင်း နောက်ဆုံးထား၍ တင်ဒါစိစစ်ရေး အဖွဲ့ရှေ့မှောက်တွင် တင်ဒါတင်သွင်းရန်ဖြစ်ပါသည်။ (သတ်မှတ်ကာလကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ကယားပြည်နယ်မီးသတ်ဦးစီးမှူးရုံး၊ လွိုင်ကော်မြို့ ဖုန်း-၀၈၃-၂၂၂၄၀၃၁၊ ၀၈၃-၂၂၂၄၁၇၆သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## အမည်ပြောင်း

ဦးမျိုးလွင်နှင့် ဒေါ်လင်းမေမီသော်တို့၏သား၊ မြိတ်မြို့၊ အမက (မြစ်ငယ်)၊ Grade-2 မှ မောင်ပြည်ဖြိုးအောင်အား ယနေ့မှစ၍ မောင်ဖြိုးသုတဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဖြိုးသုတ**

## အမည်မှန်

(ဘ)ဦးခက်နိုင်၏သမီး၊ မြိတ်မြို့၊ အထက (၁)၊ Grade-9 မှ မပုလဲကေသွယ်၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မဟန်မီမီနိုင်ဖြစ်ပါကြောင်း။

**မဟန်မီမီနိုင်**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်လှိုင်ဇင်ဦး ၈/တတက(နိုင်)၂၄၈၆၇၄ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၄၇၆၂၀၅၁**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်စိုးမင်း ၈/တတက(နိုင်)၁၈၆၁၆၅ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၄၇၆၂၀၅၁**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်မိုးလှိုင်ဌေး ၈/နမန(နိုင်)၂၂၀၃၃၇ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၅၉၀၄၁၆၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၁၃၉၁၅၊ Luojia-110 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းမြင့် ၉/လဝန(နိုင်)၀၁၁၈၁၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့် ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(နေပြည်တော်ရုံး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၂ယ/၁၈၀၉၅၊ Canda-110 ယာဉ်လက်ဝယ်ရှိသူ ဦးဇင်ဖြိုးအောင် ၉/ပဗသ (နိုင်)၀၀၅၈၅၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(နေပြည်တော်ရုံး)**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ်(၄၆-ခ)၊ ယိုးဒယားကုန်းအကွက်၊ ဦးပိုင်အမှတ်(၉၉)၊ ဧရိယာ ၀ဒသမ၀၄၆ ဧကရှိ မြို့မြေ(B)သည် ပုသိမ်မြို့၊အမှတ်(၂)ရပ်ကွက်၊ ယိုးဒယားကုန်းလမ်း၊အိမ်အမှတ်(၉၂၆) နေ ဦးအုံးမြင့်မှမြေအမည် ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေ**
**စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**ပုသိမ်မြို့**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေး ဦးစီးဌာနမှ အောက်ဖော်ပြပါ တင်ဒါများအား (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆို ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | စီမံကိန်း/လုပ်ငန်းအမည် |
|---|---|---|
| က | 10(T)/DPTSC(PSD)/23–24 | 230/132/11kV, 150MVA Three Phase Booster Transformer နှင့် 132/66/11kV,100MVA Three Phase transformer များဝယ်ယူခြင်း |
| ခ | 11(T)/DPTSC(PSD)/23–24 | 245kV, 145kV Switchgear & Accessories များဝယ်ယူခြင်း |
